နိဗ္ဗာန သစ္ဆိကိရိယာ စ ဧတံ မင်္ဂလ မုတ္တမံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း၁၄ ရက်၊ ၂၀၀၄ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၃၆၀)





## မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံပြီးစီးမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ **(သတင်းစဉ်)**

# ထေရဝါဒဗုဒ္ဓဘာသာပီပီသသဖြင့် မြန်မာ့ဓလေ့ထုံးစံများနှင့်အညီ ခံ့ညားထည်ဝါစွာကျင်းပရေးအလေးထား ထိပ်သီးညီလာခံတက်ရောက်လာမည့် ဧည့်သည်များ၏စိတ်သန္တာန်၌ ထာဝရစွဲထင်ကျန်ရစ်အောင်စီမံဆောင်ရွက် နိုင်ငံတော်ဝန်ကြီးချုပ် စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ၌မှာကြား

ရန်ကုန် စက်တင်ဘာ ၂၆

**စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဗဟိုဆောင်အစည်းအဝေးခန်းမ၌ကျင်းပရာ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

## (၁၆၄)ခုမြောက် ဆားလင်းကြီးရေလှောင်တမံဖွင့်လှစ် သောက်သုံးရေနှင့် ဧက၆၀၀ခန့် ရေပေးနိုင်

လယ်မြေဧက၆၀၀ကို ဆည်ရေပေးဝေနိုင်မည့် စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ် ဆားလင်းကြီးချောင်းပေါ်တွင် တည်ဆောက်ထားသည့် (၁၆၄)ခုမြောက် ဆားလင်းကြီး ရေလှောင်တမံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။ သတင်းအကျယ် (စာ ၆-၇)

**ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး** (မြန်မာ့အလင်း)



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်)

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်တိုးပွားခိုင်မြဲ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုကြိုးပမ်းလုပ်ဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စု အသိုက်အဝန်းကြီးဖြစ်သည်။ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စွမ်းအားသည် မရှိမဖြစ်လိုအပ်သော အခြေခံအကျဆုံး အကြောင်းတရား ဖြစ်သည်။

ထို့ကြောင့် တပ်မတော်အစိုးရသည် နိုင်ငံတော်ကို စတင်တာဝန်ယူခဲ့သည့် ၁၉၈၈ခုနှစ်မှ စ၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ပြည်ထောင်စု မပြိုကွဲရေးဆိုသည့် အမျိုးသားရေးမူဝါဒနှင့် ယင်းအမျိုးသားရေးမူဝါဒအပေါ် အခြေခံသည့် လုပ်ငန်းစဉ်များ ထုတ်ပြန်ကြေညာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားဖြစ်ထွန်းခိုင်မာစေရန် ဦးစားပေးလုပ်ငန်းအဖြစ် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်ကို တည်ဆောက်ရာတွင် ပထမဆုံးစတင်ဆောင်ရွက်ခဲ့သည့် အမျိုးသားစီမံကိန်းကြီးမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဖြစ်သည်။ ထိုစီမံကိန်းကြီး အောင်မြင်ရန်အတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်ကို ဦးစွာတည်ဆောက်ပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းမှုရလဒ်များ အထင်အရှား မြင်တွေ့နေရပြီ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စက်တင်ဘာလ ၂၅ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပသော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး (၅/၂၀၀၄)သို့ တက်ရောက်ပြီး ဆွေးနွေးမှာကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးမှာကြားရာတွင်-

**"နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခြင်းသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးတက်ခိုင်မြဲမှုနှင့် ပြည်ထောင်စုကြီးမပြိုကွဲအောင် လက်တွဲပူးပေါင်း ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုဆိုသည့် ကောင်းမြတ်သော အစဉ်အလာများကို တိုးတက်ဖြစ်ထွန်းစေသည်ဆိုသည့် သဘောထားခံယူချက်ဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများကို အရှိန်အဟုန်မပျက် အလေးထား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်"**

မှာကြားသွားသည်။

နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အောင်မြင်စေရန်အတွက် ယနေ့အချိန်အထိ နိုင်ငံတော်၏ ဘဏ္ဍာငွေမှ ငွေကျပ်သန်းပေါင်း ၅၈၃၀၀ ကျော်နှင့် အမေရိကန်ဒေါ်လာ သန်းပေါင်း၅၅၀ကျော် ကျခံသုံးစွဲခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် နယ်စပ်ဒေသအသီးသီး၌ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၆ ကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုအသက်မွေးပညာသင်ကျောင်း ၁၈ကျောင်း၊ ရန်ကုန်နှင့် မန္တလေးတွင် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေး ၁၅နှစ်စီမံကိန်း ကာလအတွင်း အထက်တန်းကျောင်း ၇၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၁ ကျောင်းနှင့် မူလတန်းကျောင်း ၆၅၇ ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။ အလားတူပင် ကျန်းမာရေးကဏ္ဍ၌ ဆေးရုံဆေးခန်းများ၊ ကျန်းမာရေးဌာနများ၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် လမ်းနှင့် တံတားများ၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းများ၊ စီးပွားရေးအတွက် မွေးမြူရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများ စသည်တို့ကို နယ်စပ်ဒေသတစ်ဝန်းတွင် ဖြန့်ကြက် အကောင်အထည်ဖော်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာမှုနှင့်အတူ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှု တိုးပွားခိုင်မာလာပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့သည်လည်း ပိုမိုထက်သန်ခိုင်မာလာသည်ကို အထင်အရှား မြင်တွေ့နေရသည်။

သို့ဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုသည် တိုင်းရင်းသားလူမျိုးများအကြား တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် တိုးပွားခိုင်မြဲအောင် စွမ်းဆောင်ပေးနိုင်သည်ကို သိမြင်ခံယူ သဘောပေါက်ပြီး စီမံကိန်းလုပ်ငန်းများ ယခုထက်ပိုမို အောင်မြင်ဖြစ်ထွန်းစေရန် တာဝန်ရှိသူအသီးသီးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## မြဝတီရုပ်မြင်သံကြား

**၂၇-၉-၂၀၀၄**
**(တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် The Nature of Induction (ဒသနိက၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဥပဒေ၊ ပထဝီ၊ စိတ်ပညာ၊ အရှေ့တိုင်း)
- ၅:၃၀ ၉။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅:၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မိုးလေဝသသတင်း
- ၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရေသူမလေးရဲ့အချစ်"** (အပိုင်း-၂)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ လျှပ်တစ်ပြက်
- ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိန်းငှက်သူရဲကောင်း"** (အပိုင်း-၇)

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီးဗိုလ်ချုပ်တင်ထွတ် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ကြည့်ရှုစစ်ဆေး စက်စွမ်းအားပြည့်မောင်းနှင်ပြီး ဓာတ်အားထုတ်လုပ်ပေးနိုင်ရေးမှာကြား

ရန်ကုန် စက်တင်ဘာ ၂၆

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်သည် ရေအားလျှပ်စစ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်နှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၂၄ရက် ညနေပိုင်းက ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၁)တည်ဆောက်ရေးညွှန်ကြားရေးမှူး၊ စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ ဓာတ်အားပေးစက်ရုံတွင် အမှတ်(၂)ဓာတ်အားပေးစက်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် ဓာတ်အားပေးစက် အမှတ်(၃)နှင့် အမှတ်(၄) စက်မောင်းနှင်၍ ဓာတ်အားထုတ်လုပ်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတွင် အားသွန်ခွန်စိုက် လုပ်ငန်းဆောင်ရွက်နေကြသော တရုတ်ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးသည်။**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ထရန်စဖော်မာများ တပ်ဆင်ပြီးစီးမှု အခြေအနေ၊ ဓာတ်အားခွဲရုံ၊ ရေပိုလွှဲ၊ ရေယူအဆောက်အအုံနှင့် ရေလှောင်တမံတွင် ရေသိုလှောင်ထားရှိမှု အခြေအနေ၊ တမံမြေဖို့ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထိုသို့ လှည့်လည်ကြည့်ရှုစစ်ဆေးရာ၌ ဝန်ကြီးက စီမံကိန်းမှ တာဝန်ရှိသူများအား စက်များကိုအပိုင်းလိုက် မှန်ကန်စွာတပ်ဆင်ရေး၊ ဓာတ်အားပေးစက်များနှင့် စက်ခလုတ်များကို စနစ်တကျ ကိုင်တွယ်မောင်းနှင်ထိန်းသိမ်းရေး၊ စက်စွမ်းအားပြည့်မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနိုင်ရေး၊ စက်ရုံသန့်ရှင်းသပ်ရပ်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ ခြိုးခြံချွေတာရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ဆဲလုပ်ငန်းများ သတ်မှတ်ကာလထက် စောပြီးရန် ကြိုးစားဆောင်ရွက်ရေး၊ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီးနောက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့စုပေါင်း၍ မလွှကုန်း မီးရထားရပ်ကွက် ဘုန်းတော်ကြီးသင်မူလတန်းကျောင်းသို့ ပညာသင်ထောက်ပံ့**



စရိတ် အလှူငွေကျပ်၅၀၀၀၀နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ၂၀ရက်က ဓမ္မရက္ခိတဓမ္မာရုံတွင် ကျင်းပရာ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဉာဏဓဇကိုယ်စား အမက(၁၅)ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးရီထံ မြို့နယ်ဥက္ကဋ္ဌ ဦးချစ်ကိုကိုက ပေးအပ်လှူဒါန်းစဉ်။ (၂၅၉)

**ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာန၏ စီစဉ်မှုဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို စက်တင်ဘာ ၂၂ရက်က တောင်ဥက္ကလာပမြို့နယ်(၁၀)ရပ်ကွက် ဟေမဝန်ဈေးတွင် ကျင်းပရာ ဈေးတာဝန်ခံ ဦးခင်မောင်ဝင်းနှင့် ဈေးသာယာရေးကော်မတီဝင်များအား တောင်ဥက္ကလာပမြို့နယ် ဇုန်နယ်မြေမှူး ရဲသူရိန်အောင်ဝင်းစိန် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်းလက်တွေ့ပြသကြစဉ်။** (၁၉၂)







**✻ ကျောဖုံးမှ**

တောင်ကြီး(အေးသာယာ) စက်မှုဇုန် တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်လုပ်ငန်းကော်မတီတို့မှ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဖွင့်အမှာစကားပြောကြားရာ၌ မန္တလေး၊ မုံရွာနှင့် တောင်ကြီး (အေးသာယာ) စက်မှုဇုန်သုံးခု၌ ခေတ်မီ သံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံများကို နိုင်ငံတော်၏ အားပေးပံ့ပိုးမှုဖြင့် တည်ဆောက်လျက်ရှိကြောင်း။

အဆိုပါ ခေတ်မီ သံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံများကို နိုင်ငံခြားမှ စက်ပစ္စည်းများ ရောက်ရှိလာချိန်နှင့် ချိန်ကိုက်ပြီးစီးရေး၊စက်များလည်ပတ်ချိန်၌ ကုန်ကြမ်းပြည့်စုံစွာရရှိရေး၊ အမှာစာများအဆင်သင့်ရရှိရေးစသည့် လုပ်ငန်းများ အဆင်ပြေစေရန် ယနေ့ ညှိနှိုင်းစည်းဝေးရခြင်းဖြစ်ကြောင်း။

ခေတ်မီ သံရည်ကျို၊ပုံလောင်းပုံဖိစသည့် သံထည်ပစ္စည်းစက်ရုံများကို တည်ဆောက်ပြီးစီးသည်နှင့်တစ်ပြိုင်နက် စက်ရုံအလိုက် မည်သည့်စက်မှု ကုန်ချောပစ္စည်းများကိုထုတ်လုပ်သွားမည်၊ ယင်းစက်ပစ္စည်းများအတွက်ပြည်တွင်း၊ ပြည်ပဈေးကွက် ခိုင်မာစွာရရှိအောင် မည်သို့ဆောင်ရွက်ကြရမည်ကို ကြိုတင်ညှိနှိုင်းစဉ်းစား ဆောင်ရွက်ထားကြရန် အရေးကြီးကြောင်း။

**အားပေး**

တိုင်းပြည်၌ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်မည်ဖြစ်၍ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ တိုင်းပြည်အတွက် လိုအပ်သော စက်မှုလုပ်ငန်းများပါ တစ်ပါတည်း ဖွံ့ဖြိုးလာအောင် အားပေးလုပ်ကိုင်လျက်ရှိကြောင်း၊အထူးသဖြင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများတိုးတက်လာအောင် စက်မှုဇုန်များ စုစည်းထူထောင်၍ ဘက်စုံမှ အားပေးလျက်ရှိကြောင်း။

နိုင်ငံတော်၏စက်မှုလုပ်ငန်းများ၌ ပုဂ္ဂလိက စက်မှုလုပ်ငန်းများသည် အများစု ဖြစ်သကဲ့သို့ ပုဂ္ဂလိကအပိုင်း၌လည်း အသေးစားနှင့် အလတ်စား စက်မှု လုပ်ငန်းများသည် အများစုဖြစ်ကြောင်း။

ထို့ကြောင့် ပုဂ္ဂလိကအသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ တိုးတက်လာရန် အထူးအရေးကြီးကြောင်း၊ စက်မှုဇုန်များ ထူထောင်ပေးခြင်း၊ လိုအပ်သောငွေကြေးနှင့် ပစ္စည်းအကူအညီများပေးခြင်း၊ ယခုကဲ့သို့ ခေတ်မီ သံထည်ပစ္စည်း စက်ရုံများ ထူထောင်နိုင်ရန် ပံ့ပိုးအထောက်အကူပြုနေခြင်းတို့သည် နိုင်ငံတော်အစိုးရက ယင်းပုဂ္ဂလိက စက်မှုလုပ်ငန်းများကို ခေတ်မီလမ်းကြောင်းမှန်ပေါ်ရောက်ရှိပြီး မြန်မြန်ဆန်ဆန်အရည်အသွေးရှိရှိ ဖွံ့ဖြိုးတိုးတက်လာအောင် လက်တွေ့ကျကျ တိုက်ရိုက်အထောက်အကူပြုနေခြင်းဖြစ်သည်ဟု သုံးသပ်ခံယူရန် လိုအပ်ကြောင်း။

**နိုင်ငံတော်၏စေတနာ**

နိုင်ငံတော်က ဦးစီးဦးဆောင် အားပေးလုပ်ကိုင်ပေးနေချိန်၌ နိုင်ငံတော်၏ ဦးတည်ချက်နှင့်စေတနာကို နားလည်သိရှိပြီး နိုင်ငံပိုင်စက်ရုံအလုပ်ရုံများနှင့် စက်မှုဇုန်များအကြား၊ စက်မှုဇုန်တစ်ခုနှင့်တစ်ခုအကြား၊ ပုဂ္ဂလိက စက်မှုလုပ်ငန်းတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်နားလည်မှု၊ အပြန်အလှန်ကူညီပေါင်းစပ်နိုင်မှုတို့ဖြင့် ညီညွတ်မျှတစွာ လုပ်ငန်းများတိုးတက်အောင်မြင်သွားစေချင်ကြောင်း။

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံများ မလည်ပတ်မီ ပြင်ဆင်ဆောင်ရွက်ထားသင့်သည်များကိုအဆင်သင့်ဖြစ်အောင် ပြင်ဆင်ဆောင်ရွက်ထားရှိရေးကိစ္စများကို တင်ပြဆွေးနွေးသွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**တင်ပြ**

ထို့နောက် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းက မုံရွာ၊ တောင်ကြီး(အေးသာယာ)နှင့် မန္တလေးစက်မှုဇုန်တို့၌ ခေတ်မီ သံရည်ကျိုနှင့် ပုံလောင်း ပုံဖိစက်ရုံများတည်ဆောက်ရာ၌ ဘဏ္ဍာငွေများစုဆောင်းနိုင်မှု၊ စက်ရုံအခြေခံအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ စက်များလည်ပတ်နိုင်ရန် ကုန်ကြမ်းပစ္စည်းများရရှိအောင် စီစဉ်ဆောင်ရွက်ရန် လိုအပ်မှုနှင့်စက်များလည်ပတ်၍ စက်ပစ္စည်းကုန်ချောများထုတ်လုပ်သည့်အခါ သက်ဆိုင်ရာလုပ်ငန်းအပ်နှံမည့် အဖွဲ့အစည်းများက မိမိတို့သုံးစွဲသည့် နည်းပညာအပေါ်ရော ထုတ်လုပ်ပေးသည့်ပစ္စည်းအပေါ်မှာပါ ယုံကြည်စိတ်ချမှု၊ စိတ်ကျေနပ်မှုရှိရန်အရေးကြီးပုံတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ခေတ်မီ သံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံများအတွက် အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ကြိုးပမ်းတည်ဆောက်ရန်လိုအပ်ပုံများ၊ တည်ဆောက်သွားမည့် စက်ရုံများ၌ တပ်ဆင်မည့်စက်ပစ္စည်းများ စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေး၊ စက်ရုံများ၌ လုပ်ကိုင်ကြမည့် လုပ်သားများအား စက်ရုံအလိုက် စနစ်တကျ စုဖွဲ့ရေးနှင့်လေ့ကျင့်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိသင့်သည့် အခြေအနေများ၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများအတွက် လိုအပ်သောစက်ပစ္စည်းအစိတ်အပိုင်းများကို မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ)ရှိ ခေတ်မီ သံထည်ပစ္စည်းစက်ရုံများ၌ လုပ်ငန်းအပ်နှံသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အေးသာယာစက်မှုဇုန်**

ထို့နောက် တောင်ကြီး(အေးသာယာ) စက်မှုဇုန်တာဝန်ခံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီက တောင်ကြီး(အေးသာယာ)စက်မှုဇုန်၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံအတွက် အခြေခံအဆောက်အအုံများတည်ဆောက်ပြီးစီးမှု၊လျှပ်စစ်မီးနှင့်ရေရရှိရေးစီစဉ်ဆောင်ရွက်ထားမှု၊ စက်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှု မရှိစေရေး စနစ်တကျ စီစဉ်ဆောင်ရွက်ထားမှုများနှင့် လိုအပ်သောလူ့စွမ်းအား အရင်းအမြစ်များရရှိရေးအတွက် အမှတ်(၂)စက်မှုဝန်ကြီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**မန္တလေးစက်မှုဇုန်**

ဆက်လက်၍ မန္တလေးစက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်က မန္တလေးစက်မှုဇုန်၌ တည်ဆောက်မည့် ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံနှင့် စပ်လျဉ်းသည့် ဘဏ္ဍာငွေကြေးအခြေအနေ၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ထားမှု၊ Machine Shop(1)နှင့် (2)၊ Forging & Heat Treatment ၊ Foundry Shop နှင့် Ware House တို့ တည်ဆောက်ပြီးစီးမှုများ၊ စက်ရုံနှင့် ဆက်သွယ်သည့် ကားလမ်းများဖောက်လုပ်ထားမှုများကိုရှင်းလင်းတင်ပြသည်။

**မုံရွာစက်မှုဇုန်**

ထို့နောက် မုံရွာစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က မုံရွာစက်မှုဇုန်၌ တည်ဆောက်မည့် ခေတ်မီ သံရည်ကျို၊ ပုံလောင်း ပုံဖိစက်ရုံအတွက် ဆောက်လုပ်ရေးပစ္စည်းများစုဆောင်းထားရှိမှုနှင့် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုများ၊ ဘဏ္ဍာငွေကြေးအခြေအနေ၊ ကျွမ်းကျင်လုပ်သားများရရှိရေးသင်တန်းပေးနေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကြီး(အေးသာယာ)စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က ခေတ်မီ သံထည်ပစ္စည်း စက်ရုံကို တောင်ကြီး(အေးသာယာ) စက်မှုဇုန်၌ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မန္တလေး၊ မုံရွာနှင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်များ၌ ခေတ်မီ သံထည်ပစ္စည်းစက်ရုံများကို တာဝန်ယူတည်ဆောက်လျက်ရှိသည့်တာဝန်ခံများကလည်း စက်မှုဇုန်အလိုက် စက်ရုံများ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရွှေပြည်သာစက်မှုဇုန်(၃)မှ Fair Sun Industry Co., Ltd.မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဖေခင်က Foundry Shop၊ Forging & Heat Treatment Shop၊ Machine Shop တို့နှင့် တွဲဖက်၍ စက်မှုပစ္စည်းများ လိုအပ်သလို ပုံလောင်း၊ အချောကိုင်မည့် Die and Mould making Plant တည်ဆောက်သွားရန် စီစဉ်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က အဆင့်မြင့်နည်းပညာများကို ကိုင်တွယ်အသုံးချနိုင်သည့် အတတ်ပညာသည်များ စုစည်းတာဝန်ပေးအပ်ရေးနှင့် လုပ်ငန်းတာဝန်ခွဲဝေရေးတို့ကို ဖြည့်စွက်မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

ညှိနှိုင်းအစည်းအဝေး အပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် အစည်းအဝေးခန်းမအတွင်း စက်မှုလုပ်ငန်းရှင်များ လေ့လာနိုင်ရန် ခင်းကျင်းစီစဉ်ပြသထားသည့် လက်တွန်းထွန်စက်နှင့် လေးလက်မ ရေစုပ်စက်တို့၏ စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

**စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မန္တလေး၊ မုံရွာနှင့်တောင်ကြီး(အေးသာယာ)စက်မှုဇုန်များ၌ ခေတ်မီ သံထည်ပစ္စည်းစက်ရုံများ ထူထောင်ရေးညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)**



**စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း မန္တလေး၊မုံရွာနှင့်တောင်ကြီး(အေးသာယာ)စက်မှုဇုန်များ၌ ခေတ်မီ သံထည်ပစ္စည်းစက်ရုံများ ထူထောင်ရေးညှိနှိုင်းအစည်းအဝေးတွင် ပြသထားသော စက်ပစ္စည်းအစိတ်အပိုင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)**

## ဘုရားဖြူ စာတော်ပြန်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယနုဂ္ဂဟအသင်းကြီးကကြီးမှူး၍ နတ်တော်လတွင်ကျင်းပမည့် ဘုရားဖြူ စာတော်ပြန်ပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် သံဃာတော်အရှင်သူမြတ်များသည် ဝင်ခွင့်ပုံစံများကို အောက်တိုဘာ ၃ရက် (တနင်္ဂနွေနေ့) နောက်ဆုံးထား၍ ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် အသင်းရုံးခန်းသို့ ပေးပို့ကြရမည်ဖြစ်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာ့အလင်း

## နိုင်ငံတကာသတင်းများ

# အမေရိကန်သမ္မတဘုရှ်ကို ကုလအတွင်းရေးမှူးချုပ်ထပ်မံဝေဖန်ထိုးနှက် အီရတ်စစ်ပွဲကျူးလွန်မှုကြောင့် ငြိမ်းချမ်းရေးနှင့်အလှမ်းကွာနေဆဲဟုဆို

ကုလသမဂ္ဂ စက်တင်ဘာ ၂၂

**ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က အမေရိကန်သမ္မတဘုရှ်အား စက်တင်ဘာ ၂၁ ရက်က နောက်တစ်ကြိမ် ထပ်မံထိုးနှက် ဝေဖန်တိုက်ခိုက်လိုက်ပြန်သည်။ ယင်းသို့ ဝေဖန်တိုက်ခိုက်လိုက်ခြင်းသည် အီရတ်စစ်ပွဲဆင်နွှဲနေခြင်းကြောင့် ငြိမ်းချမ်းရေးရရှိရန် အလှမ်းကွာဝေးနေဆဲဖြစ်သည်ဟူသော ကမ္ဘာ့သဘောထားအမြင်ကို ရှင်းလင်းစွာ ထုတ်ဖော်ပြလိုက်သည့် လက္ခဏာပင်ဖြစ်သည်။**

တရားဥပဒေစိုးမိုးရေးသည် အလွန်အရေးကြီးကြောင်း ရည်ညွှန်းကာ အလေးအနက်ထားထောက်ပြသည့် မိန့်ခွန်းပြောကြားရာ၌ အီရတ်နိုင်ငံ၌ ဒီမိုကရေစီရရှိရေးအတွက် စစ်အင်အားအသုံးပြုခဲ့သည့် ဘုရှ်၏ အစီအစဉ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဝေဖန်ကာ ယခုနှစ်တွင် ကုလသမဂ္ဂ၌ ကျင်းပသည့် ကမ္ဘာ့ခေါင်းဆောင်များ၏ နှစ်ပတ်လည် ညီလာခံကို ဖွင့်လှစ်ပေးခဲ့သည်။

တရားဥပဒေစိုးမိုးရေး နည်းလမ်းရှာဖွေသူသည် တရားဥပဒေစိုးမိုးရေးအတွက် မိမိကိုယ်နှိုက်က ပီပီပြင်ပြင် ဖော်ဆောင်ပေးရလိမ့်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဥပဒေကို အားကိုးအားထား ပြုလိုသူသည် မိမိကိုယ်နှိုက်က ထိုနိုင်ငံတကာတရားဥပဒေကို လေးစားလိုက်နာရလိမ့်မည်ဖြစ်ကြောင်းဖြင့်လည်း ကိုဖီအာနန်က ဆက်လက်ပြောကြားသွားသည်။

ကိုဖီအာနန်သည် ယင်းမိန့်ခွန်းကို ကြိုတင်စီစဉ်ပြီးမှပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်နိုင်ငံတွင် အပြစ်မဲ့ပြည်သူများအား အစုလိုက်အပြုံလိုက် သွေးအေးအေးဖြင့် သတ်ဖြတ်မှုများကိုလည်းကောင်း၊ ကယ်ဆယ်ရေးအလုပ်သမားများ၊ သတင်းစာဆရာများနှင့် အခြားသော တိုက်ပွဲနှင့်မပတ်သက်သူများအား ပြန်ပေးဆွဲပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်ကိုလည်းကောင်း မိမိတို့တွေ့မြင်နေကြရကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

တစ်ချိန်တည်းမှာပင် အီရတ်အကျဉ်းသားများအား အလွန်ဆိုးရွားစွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်ကိုလည်း မိမိတို့ တွေ့မြင်ကြားသိခဲ့ရပြီဖြစ်ကြောင်း ကိုဖီအာနန်က ဖြည့်စွက်ပြောကြားသွားသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် သမ္မတဘုရှ်အား တမင်ထိခိုက်အောင်ရည်ရွယ်ပြီး အီရတ်၌ သွေးချောင်းစီးမှုနှင့် အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုအနိဋ္ဌာရုံများကို တစ်ပြိုင်တည်းယှဉ်တွဲ၍ ထုတ်ဖော်ပြောကြားသွားခြင်း ဖြစ်သည်။

ဆက်ဒမ်ဟူစိန်အား အီရတ်သမ္မတရာထူးမှ ဖယ်ရှားရန် ကျူးကျော်ဆင်နွှဲခဲ့သည့် အီရတ်စစ်ပွဲနှင့်ပတ်သက်၍လည်းကောင်း၊ ဆူဒန်ကိစ္စ၊ အရှေ့အလယ်ပိုင်း ပဋိပက္ခအပါအဝင် ကြေကွဲဝမ်းနည်းဖွယ် ရှုရှားစာသင်ကျောင်း ဓားစာခံများဖြစ်ရပ်တို့နှင့် ပတ်သက်၍လည်းကောင်း၊ အကြီးအကျယ် သဘောကွဲလွဲမှုများကို ကုစားဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် တစ်နှစ်ကြာမျှ ခက်ခက်ခဲခဲ လုံးပန်းခဲ့ရသည်။

နိုင်ငံတကာသဘောထားကို ဆန့်ကျင်ပြီး အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည့် ဘုရှ်၏ တစ်ဖက်သတ် တစ်ကိုယ်ကောင်းဝါဒကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ထပ်တလဲလဲ ရည်ညွှန်းကာ ယင်းအီရတ်စစ်ပွဲသည် မတရားသောစစ်ပွဲ၊ ဥပဒေကိုချိုးဖောက်သောစစ်ပွဲဟု လွန်ခဲ့သည့် သီတင်းပတ်ကလေးတွင်ပင် ပြောကြားခဲ့သေးသည်။

အရှေ့အလယ်ပိုင်းတွင်လည်းကောင်း၊ အီရတ်တွင်လည်းကောင်း၊ ကမ္ဘာတစ်ဝန်းလုံးတွင်လည်းကောင်း ကာလရှည်ကြာစွာဖြစ်ပွားနေသည့် ပဋိပက္ခများကို ဖြေရှင်းနိုင်ရေးအတွက် အကောင်းဆုံးနှင့်အထိရောက်ဆုံး အခြေခံမှုကို ချမှတ်ပေးနိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များပါဝင်သည့် နိုင်ငံတကာ ဥပဒေကို ကမ္ဘာကြီးက တောင်းဆိုနေပြီဖြစ်ကြောင်းဖြင့်လည်း ပြောကြားသွားသည်။

အင်အားများသည် ငယ်သည်မဟူ၊ ကြီးသည်ငယ်သည်မခြား နိုင်ငံအားလုံးသည် တရားမျှတသည့် ဥပဒေစည်းမျဉ်းစည်းကမ်းဘောင်များကိုသာ လိုလားအပ်ကြောင်းဖြင့်လည်း ၎င်းက ထပ်လောင်းပြောကြားသွားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် အတွင်းရေးမှူးချုပ် ကိုဖီအာနန် မိန့်ခွန်းပြောကြားပြီးနောက် တစ်နာရီမပြည့်မီမှာပင် အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ် မိန့်ခွန်းပြောကြားရန်ရှိသည်။ သမ္မတဘုရှ်အနေဖြင့် အီရတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ကျူးလွန်ခဲ့သည့် စစ်ပွဲများနှင့် ပတ်သက်ပြီး ဆင်သေကို ဆိတ်ရေနှင့်ဖုံးကာ ကာကွယ်ပြောကြားမည့် လက္ခဏာရှိနေသည်။

**(အင်တာနက်)**

## ဒါဟန်ရေနံချက်စက်ရုံသို့ပေးပို့သည့် ရေနံပိုက်လိုင်း တိုက်ခိုက်ခံရသဖြင့် မီးလောင်ပေါက်ကွဲ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

ဘဂ္ဂဒက်အရှေ့ဖျား ဒါဟန်ဒေသရှိ ရေနံချက်စက်ရုံသို့ ရေနံပေးပို့သည့်ပိုက်လိုင်း ဗုဒ္ဓဟူးနေ့က ဖောက်ခွဲတိုက်ခိုက်ခံခဲ့ရသဖြင့် ကာဘာလာမှ ဖော်လူဂျာအထိ ရေနံပိုက်လိုင်းအား မီးလောင် ပေါက်ကွဲလျက်ရှိသည်။

### ပစ်မှတ်

အမေရိကန်တို့ ထောက်ခံထားသည့် အီရတ်အစိုးရအား ဆန့်ကျင်သည့် လုပ်ရပ်များထဲတွင် အီရတ်ရေနံလုပ်ငန်းဆိုင်ရာဝန်ဆောင်မှု ပစ္စည်းများသည် အဓိက ပစ်မှတ်သဖွယ်ဖြစ်လျက်ရှိသည်။

### တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက်မြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မီတပ်ဖွဲ့ဝင်များ တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ဘဂ္ဂဒက်အနီးရှိ ဆာဒါစီးတီးတွင်လည်း နေရာအနှံ့ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။ အဆိုပါ တိုက်ပွဲများ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့ချိန်၌ လူ ၂၃ဦးသေဆုံးပြီး ၁၂၈ဦး ဒဏ်ရာရရှိသည့်အနက် အများစုမှာ အမျိုးသမီးများနှင့် ကလေးငယ်များ ဖြစ်ကြသည်။

### ပေါက်ကွဲသံ

ထိုဒေသတစ်ဝိုက်တွင် ကျယ်လောင်သော ပေါက်ကွဲသံကြီးများနှင့် သေနတ်သံများ ကြာသပတေးနေ့ နံနက်ပိုင်းအထိ ကြားခဲ့ရကြောင်း သိရှိရသည်။ **(စီစီတီဗွီ)**

## ပြန်ပေးဆွဲခံနေရသော အနောက်နိုင်ငံသားတို့၏ကံကြမ္မာ အီတလီဓားစာခံ အသတ်ခံရပြီးနောက် စိုးရိမ်မှုကြီးထွားလာ

ဘဂ္ဂဒက် စက်တင်ဘာ ၂၄

**အီရတ်နိုင်ငံ၌ ပြန်ပေးဆွဲခံရသော အီတလီဓားစာခံနှစ်ဦး အသတ်ခံရသည်ဆိုသည့် ကြေညာချက်ထွက်ပေါ်လာပြီးနောက် အီရတ်၌ ပြန်ပေးဆွဲခံနေရသော အနောက်နိုင်ငံသားစာခံတို့၏ ကံကြမ္မာနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ ပိုမိုကြီးထွားလာသည်။**



အီတလီ ဓားစာခံနှစ်ဦးအား ဂျီဟတ် ပြန်ပေးအုပ်စုက သတ်ဖြတ်ပစ်ခဲ့ခြင်းဖြစ်ကြောင်း ပြန်ပေးအုပ်စု၏ ပြောကြားချက်ကို အီတလီအာဏာပိုင်များက လက်မခံဘဲ ငြင်းဆိုခဲ့ကြသည်။

ယင်းကိစ္စ မှန်မမှန်ကို ၎င်းတို့ စစ်ဆေးခြင်း မပြုလုပ်ရသေးကြောင်း အီတလီတို့က ပြောကြားခဲ့သည်။

အကြမ်းဖက်ခေါင်းဆောင် အဘူမူဆက်အယ်လ်ဇာကာဝီ ခေါင်းဆောင်သော အီရတ်လက်နက်ကိုင်အုပ်စုတစ်စုက ပြန်ပေးဆွဲထားသည့် ဗြိတိန်နိုင်ငံသား ကင်းနက်ဘစ်ဂလေက ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအား ၎င်း၏အသက်အား ကယ်ဆယ်ပါရန် တောင်းပန်စကားပြောကြားပုံ ပါဝင်သည့် ဗီဒီယိုတိပ်ခွေကို ပြန်ပေးသမားများက ထုတ်လွှင့်ပြသခဲ့သည်။

အနောက်နိုင်ငံခေါင်းဆောင်များအား ၎င်းတို့၏တောင်းဆိုချက်များကို သိမြင်စေရန် ပြန်ပေးသမားများသည် နည်းပညာအသစ်ကို အသုံးပြုခဲ့ကြသည်။ ပြန်ပေးသမားများ၏ တောင်းဆိုချက်ဖြစ်သော အီရတ်အကျဉ်းသား အမျိုးသမီးများအား ပြန်လွှတ်ပေးရေးဆိုသည့်အချက်ကို အီရတ်အာဏာပိုင်များက လိုက်လျောရန် ငြင်းဆိုခဲ့သည်။ **(စီအက်ဖ်အိုင်)**

## ဗြိတိသျှတပ်ဖွဲ့ဝင်များ အီရတ်၌လူသတ်မှုကျူးလွန်ခဲ့ ဗြိတိသျှ ရှေ့နေများက တရားစွဲဆိုရန် စီစဉ်နေ

**လန်ဒန် စက်တင်ဘာ ၂၅**

အီရတ်တွင် လူသတ်မှုတစ်ခုအတွက် ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်စုကို ဗြိတိသျှ အရပ်ဘက်ရှေ့နေများက တရားစွဲရန် စီစဉ်နေရာ ယင်းလူသတ်မှုသည် ဗြိတိသျှ တပ်ဖွဲ့ဝင်များ ပါဝင်ပတ်သက်သည့် ဒုတိယအမှုဖြစ်မည်ဟု ရှေ့နေချုပ်ရုံးက သောကြာနေ့၌ ပြောကြားလိုက်သည်။

ထိုလူသတ်မှုနှင့် ပတ်သက်၍ ရှေ့နေချုပ်၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက အသေးစိတ်မပြောကြားသော်လည်း ဗြိတိသျှတပ်ဖွဲ့ဝင် အများအပြားအား တရားစွဲရန်စဉ်းစားနေကြောင်း ပြောဆိုခဲ့သည်။

ဗြိတိသျှတပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ရာဇဝတ်မှုများကို ပုံမှန်အားဖြင့် စစ်ခုံရုံး၌ တရားစွဲဆိုလေ့ရှိသည်။

**အမ်အင်အေ၊ရိုက်တာ**

## အီရတ်ရှိ ဂျာမန်သတင်းထောက်များ ပြန်ခေါ်ယူရန် အေအာရ်ဒီ ဂျာမန်ရုပ်မြင်သံကြားဌာန စီစဉ်ထား

ဘာလင် စက်တင်ဘာ ၂၅

**ဂျာမန်သတင်းထောက်များသည် အီရတ်တွင် ကွက်၍ပြန်ပေးဆွဲခံရနိုင်ကြောင်း ဂျာမန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတိပေးခဲ့ပြီးသည့်နောက်ပိုင်း ဂျာမနီနိုင်ငံ၏ အကြီးဆုံး ရုပ်မြင်သံကြားလုပ်ငန်းဖြစ်သော အေအာရ်ဒီက အီရတ်ရှိ ယင်း၏သတင်းထောက်နှစ်ဦးကို ပြန်ခေါ်ယူရန်စီစဉ်ထားကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။**

သီးခြားအားဖြင့် စပိန်အစိုးရကလည်း အီရတ်တွင် ပြန်ပေးဆွဲမှုများနှင့် တိုက်ခိုက်မှုများ တိုးလာနေသဖြင့် အီရတ်မှ ၎င်းတို့၏ သတင်းထောက်များကို ရုပ်သိမ်းထားကြောင်း လူထုဆက်သွယ်ရေးသို့ ထောက်ခံပြောဆိုခဲ့သည်။

### အသတ်ခံရ

ဧပြီလမှစပြီး အီရတ်တွင် နိုင်ငံခြားသား ၁၀၀ကျော် ပြန်ပေးဆွဲခံခဲ့ရပြီး ထိုဓားစာခံများတွင် အပါအဝင်ဖြစ်သော ပြင်သစ် သတင်းထောက်နှစ်ဦးသည် ဖမ်းဆီးခံနေရဆဲဖြစ်သည်။ ဓားစာခံအများစုကို လွှတ်ပေးသော်လည်း ၃၀ ခန့်မှာ အသတ်ခံခဲ့ရသည်။

### သေချာစွာစီစဉ်

ယခုလထိတိုင် ပြန်ပေးဆွဲခံခဲ့ရသော နိုင်ငံခြားသားများ အားလုံးနီးပါးသည် အီရတ်လမ်းများပေါ်၌ ဖမ်းဆီးခြင်းခံခဲ့ရသည်။ ဘဂ္ဂဒက်တွင် နိုင်ငံခြားသားများအား ဖမ်းဆီးမှုသည် စေ့စပ်သေချာစွာ စီစဉ်လုပ်ဆောင်ခဲ့သော ပြန်ပေးဆွဲမှုများဖြစ်ရာ နိုင်ငံခြားသံရုံးများနှင့် ပြည်ပကုမ္ပဏီအများအပြား အထိတ်တလန့်ဖြစ်စေခဲ့သဖြင့်အီရတ်နိုင်ငံမှထွက်ခွာရန် စီစဉ်နေကြရပြီဖြစ်သည်။**အမ်အင်အေ၊ရိုက်တာ**

### စောင့်ကြပ်

**ဘဂ္ဂဒက်ရှိ အဘူဂါရိပ်အကျဉ်းစခန်းရှေ့တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)



# ရဟန္တာမထေရ်မြတ်များ ရောင်တော်ဖွင့်ပူဇော်နိုင်

ရန်ကုန် စက်တင်ဘာ ၂၆

**စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကို ၂၀၀၄ခုနှစ် ဒီဇင်ဘာတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပမည်ဖြစ်ရာ ကမ္ဘာ့ဗုဒ္ဓဘာသာနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်သည်။**

မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းဘက် သံဃာစင်အထက်ပတ်ပတ်လည်တွင် ထားရှိပူဇော်မည့် အဂ္ဂသာဝက၊ မဟာသာဝက ရဟန္တာမထေရ်မြတ် ၁၀၈ဆူတို့၏ ရေးခေတ်လက်ရာရုပ်တုတော်များကို ဟာတိုရွှေဆေးဖြင့် ရောင်တော်ဖွင့်ပူဇော်လျက်ရှိသည်။ ဘုရားရှင်လက်ထက် ဝိသာခါကျောင်းအမကြီး၊ ဥမ္မာဒန္တီသူဌေးသမီး၊ သမားတော်ကြီး ဆရာဇီဝက၊ မေဏ္ဍကသူဌေး စသည်တို့သည် အဆင်းဒါန(ဝဏ္ဏဒါန)လှူဒါန်းခဲ့သည့် သက်န်းအလှူရှင်များဖြစ်သည်။ ယင်းတို့ကဲ့သို့ အဆင်းဒါန အကျိုးတရားများ ရရှိခံစားနိုင်ရန် ရဟန္တာရုပ်တုတစ်ဆူလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် တစ်သက်တစ်ခါ ကြုံကြိုက်ခဲသည့် ကာလဒါနကုသိုလ်မျိုးစေ့ကို စိုက်ပျိုးလှူဒါန်းပူဇော်နိုင်ကြသည်။

အလှူရှင်အမည်ကို ကြေးပြားပေါ်တွင်ကမ္ပည်းရေးထိုး၍ မိမိပူဇော်လိုသည့် ရဟန္တာရုပ်တု၏ပလ္လင်၌ တပ်ဆင်ပေးမည်ဖြစ်ရာ အလှူရှင်များသည် သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး ဖုန်း-၆၆၀၄၇၀၊ ၆၆၁၃၀၁၊ ၆၆၀၄၄၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။**(သတင်းစဉ်)**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ကျင်းပ ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၆

**ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ ကမ္ဘာ့နှလုံးရောဂါ စောင့်ရှောက်ရေးအဖွဲ့၏သတ်မှတ်ချက်အရ ကျင်းပသည့် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ (World Heart Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများ၊ ဆေးရုံအုပ်ကြီးများ၊ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများ၊ သူနာပြုဆရာမများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အမှာစကားပြောကြားသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ခင်းကျင်း ပြသထားသည့် ဆေးကုမ္ပဏီများမှနှလုံးရောဂါဆေးဝါးပစ္စည်းများကို ကြည့်ရှု အားပေးကြသည်။ **(အပေါ်ပုံ)**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နှလုံးရောဂါကင်းဝေးရေး စီမံချက်မန်နေဂျာ ပါမောက္ခ ဒေါက်တာခင်မေစန်း ဦးဆောင်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဒေါက်တာညိုညိုကြိုင်က ကလေးသူငယ် လူငယ်လူရွယ်များနှင့် ဆေးလိပ်သောက်တတ်သည့် အလေ့အကျင့် အကြောင်းကိုလည်းကောင်း၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဖြူဖြူအောင်က ကလေးသူငယ်လူငယ်လူရွယ်များနှင့် အာဟာရအကြောင်းကိုလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ နှလုံးအထူးကုဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာနွယ်နွယ်နှင့်ဒေါက်တာမြင့်စိုးဝင်းတို့က ကလေးသူငယ်လူငယ်လူရွယ်များနှလုံးကျန်းမာရေးကိုထိခိုက်စေသော အခြေအနေများအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။ **(သတင်းစဉ်)**

# တယ်လီဖုန်းလိုင်းများ လုံခြုံရေးအတွက် Security Code Numbering စနစ်ဖြင့် လိုင်းဖွင့်ခြင်း၊ ပိတ်ခြင်းများ ဆောင်ရွက်ပေးမည်

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်မြို့တော်အတွင်း တပ်ဆင်ထားရှိသော တယ်လီဖုန်းလိုင်းများကို အခြားသူများမှ လိုင်းပွားသုံးစွဲခြင်းမပြုလုပ်နိုင်ရန်အတွက် မိမိ၏ တယ်လီဖုန်းလိုင်းကို ပိတ်ထားပြီး အသုံးပြုလိုသည့် အချိန်မှသာ Code Number စနစ်ဖြင့်လိုင်းဖွင့်လှစ်သုံးစွဲနိုင်ရန် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းက စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ဤ Code Number စနစ်သုံးစွဲခြင်းသည် မိမိဖုန်းမှ အထွက်ခေါ်ဆိုမှုများကိုသာ ထိန်းချုပ် ထားခြင်းဖြစ်ရာ အဝင်ခေါ်ဆိုမှုများမှာ ပုံမှန်အတိုင်း ဆက်သွယ်မှုရရှိနေမည်ဖြစ်သည်။

ထိုစနစ်ကိုသုံးစွဲလိုသူများသည် မိမိတယ်လီဖုန်းလိုင်းနှင့်သက်ဆိုင်သည့် အော်တိုအိတ်ချိန်းများသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်လွှဲစာဖြင့်သော်လည်းကောင်း၊ မှတ်ပုံတင်နှင့်အတူ သွားရောက်စာရင်းပေးသွင်း၍ ဆက်သွယ်အသုံးပြုနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# ခုခံအားကျဆင်းမှုရောဂါအန္တရာယ် ကာကွယ်တားဆီးမှုပညာပေးဟောပြောပွဲ ဒဂုံအထက(၁)၌ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ခုခံအားကျဆင်းမှုရောဂါအန္တရာယ် ကာကွယ်တားဆီးမှု ပညာပေး ဟောပြောပွဲကို စက်တင်ဘာ၂၀ရက် နံနက် ၁၀နာရီတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပရာ ကျောင်းကျန်းမာရေးအဖွဲ့ဥက္ကဋ္ဌ ကျောင်းအုပ်ဆရာကြီးဦးကျော်ကျော်က အမှာစကားပြောကြားပြီး ကျန်းမာရေး စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ကျော်ကျော်**(အောက်ပုံ)**က ခုခံအားကျဆင်းမှုရောဂါ အန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ကာကွယ်တားဆီးမှုတို့ကို ပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းကျန်းမာရေးတာဝန်ခံ အထက်တန်းပြဆရာမ ဒေါ်ခင်ငြိမ်းဝေက ကျေးဇူးတင်စကားပြောကြားသည်။

**(က-ပ)**







# မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

**မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်၊ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေတို့သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးတင့်ဆွေ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စစ်ထောက်ချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီးဝင်းကြည်၊ အမှတ်(၁)တပ်ထိန်း(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးမျိုးညွန့်၊ ဦးတင်အောင်နှင့် ဗိုလ်မှူးဇော်ဝင်းရွှေ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေး ကြပ်မတ်ကြသည်။** (အပေါ်ပုံ)

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသောနေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကိုလိုက်နာဆောင်ရွက်ခြင်းရှိမရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ **(သတင်းစဉ်)**

# မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊အမှတ်(၂၀)ဖြန့်ချိ

**ရန်ကုန် စက်တင်ဘာ ၂၆**

အာဆီယံ-ဂျပန်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အင်းလေးကန်ဒေသဘက်စုံစိုက်ပျိုးမှုစနစ် စတင်နေ၊ ကိုရီးယားက စိတ်ဝင်စားနေသည့် မြန်မာ့ရေညှိရေမှော်များ၊ အက်ဖ်အေအိုခတ်ပုံပြိုင်ပွဲ မြန်မာတတိယဆုချိတ်၊ ငှက်ဖျားရောဂါကာကွယ်သည့်ခြင်ထောင် စိမ်ဆေးပြား၊ ရန်ကုန်ပလက်ဖောင်းများ ကျောက်ပြားများဖြင့်အစားထိုးမည်၊ ကားမှန်ရေငွေ့မရိုက်သည့်စတေကာ စသည့်ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂၀)ကို ဖြန့်ချိလိုက်သည်။

ထိုင်းကထုတ်သည့် တိုင်းရင်းနုပျိုဆေး အလုအယက် ဝယ်ခဲ့ကြ၊ စင်ကာပူအမျိုးသားတက္ကသိုလ်က ဖွင့်လှစ်မည့် သိပ္ပံနှင့်သင်္ချာအထက်တန်းကျောင်း၊ ဆိုက်ပရပ်စ်မှာ ဆံသဆရာအလုပ်သွားလုပ်ကြမလား၊ ဗီယက်နမ်က ကမ္ဘာ့အကောင်းဆုံး ငံပြာရည်၊ ကျန်းမာအောင်ဘယ်လိုစားမလဲစသည့် နိုင်ငံတကာသတင်းများ၊ အပတ်စဉ်ပါနေကျ အားလပ်ရက် အပန်းဖြေအညွှန်း၊ နိုင်ငံတကာပညာရေး မိတ်ဆက်၊ စိတ်ဝိညာဉ် အားတိုးစာများ၊ နယ်စပ်နှင့် ကုန်စည်ဒိုင်ကုန်သွယ်ရေးသတင်းများကိုပါ ထည့်သွင်းထားကာ e-Empire Media House ဖုန်း- ၇၀၃၈၁၃ က တစ်ပြည်လုံးသို့ဖြန့်ချိထားသည်။ **(က-ပ)**

# နိုင်ငံတော်က စစ်ကိုင်းတိုင်း၌ မိုးစပါးကေသိန်း ၂၀စိုက်ပျိုးပြီး စပါးတင်းသိန်း ၈၀၀ပိုလျှံရေးရည်မှန်းထား လယ်မြေများရေပေးဝေနိုင်ရေးနှင့်သောက်သုံးရေ ပေးဝေနိုင်ရေး ဆားလင်းကြီးရေလှောင်တမံဖွင့်လှစ် စစ်ကိုင်းတိုင်း၌ စီးပွားရေးအရ အားထားရသော တိုင်းကြီးတစ်တိုင်းအဖြစ် ရပ်တည်နိုင်တော့မည်

ရန်ကုန် စက်တင်ဘာ ၂၆

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄)က တာဝန်ယူတည်ဆောက်ခဲ့သည့် စစ်ကိုင်းတိုင်း မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် အနောက်မြောက်ဘက် တစ်မိုင်ခန့်အကွာ ဆားလင်းကြီးချောင်းပေါ်တွင် ဆောက်လုပ်ပြီးစီးသွားသော ဆားလင်းကြီးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ရေလှောင်တမံ မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**



ဘက်ကမ်းဒေသများဖြစ်ပြီး မုံရွာမြို့နှင့် အလှမ်းမကွာဝေးကြပေမယ့် သွားရေး လာရေး အခက်အခဲများနှင့် ရေရှားပါးမှုများကြောင့် နှစ်ပေါင်းရှည်ကြာစွာ ဖွံ့ဖြိုးတိုးတက်မှုမှာ နှေးကွေးခဲ့ရသည့် မြို့နယ်များလည်းဖြစ်ကြောင်း။

**အမှာစကားပြောကြား**

**လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် ဆားလင်းကြီး ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

အဖြစ် စစ်ကိုင်းတိုင်း ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှာ ဆားလင်းကြီးဆည်အပြင် ယင်းမာပင်မြို့နယ်မှာ မြောက်ယမားဆည်၊ ဆားလင်းကြီးမြို့နယ်မှာ ငွေသာဆည်၊ တမူးမြို့နယ်မှာ စေတီ၊ သနန်၊ တုန်းကျော်နှင့် ဝက်ရှုရေလွှဲဆည်များနှင့် ယင်းမာပင် (၉၉)ကန်ရေလျှံတွင်းစီမံကိန်းများကို တည်ဆောက်ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရန်အတွက်လည်း အဝီစိတွင်းများကို ကျေးရွာများမှာ တူးဖော်ပေးလျက်ရှိနေကြောင်း။

စစ်ကိုင်းတိုင်းတစ်ခုလုံးအနေနှင့် ပြန်ကြည့်မည်ဆိုလျှင် သဖန်းဆိပ်ဘက်စုံရေလှောင်တမံကြီးအပါအဝင် ဆည်တမံလုပ်ငန်းများ၊ တပ်ရွာနှင့် တွင်းကြီး၊ မကျီးဘုတ်၊ မကျီးခွ၊ အမြင့်ကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ရန် တာဝန်ရှိနေပြီဖြစ်ကြောင်း၊ တစ်ဖက်မှ တိုးချဲ့စိုက်သကဲ့သို့ တစ်ဖက်ကလည်း သီးနှံအလိုက် တစ်ဧက အထွက်နှုန်းကို ပေးထားပြီးဖြစ်တဲ့ ပန်းတိုင်အထွက်နှုန်းများအတိုင်း ထွက်ရှိလာအောင် ကြိုးပမ်းအားထုတ်ကြရမှာဖြစ်ကြောင်း။

သို့မှသာ နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း စစ်ကိုင်းတိုင်းမှာ စီးပွားရေးအရ ခိုင်မာတောင့်တင်းပြီး အားထားရသည့်တိုင်းကြီးတစ်တိုင်းအဖြစ်ရပ်တည်နိုင်မှာဖြစ်ကြောင်း။

စစ်ကိုင်းတိုင်း အပါအဝင် ပြည်ထောင်စုတစ်ဝန်းတွင် နိုင်ငံရေးအရ၊ အုပ်ချုပ်ရေးအရ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးမှုရှိလာသည်နှင့် အမျှ စီးပွားရေးအရ ခိုင်မာတောင့်တင်းလာရန်အတွက် အေးအေးချမ်းချမ်းသော မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ထားပြီး ဖြစ်ကြောင်း။

ယင်းမူဝါဒ လမ်းစဉ်၏ ပထမဆုံး ခြေလှမ်းအဖြစ် အမျိုးသားညီလာခံကြီးကိုလည်း အောင်မြင်စွာ စတင်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ကြောင်း၊အမျိုးသားညီလာခံအပါအဝင် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်သူလူထုအားလုံးက ဆက်လက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်သွားကြရန်လိုအပ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ယခုလို ဆည်တမံများနှင့် ရေရရှိရေး လုပ်ငန်းများကို ရေရှည်အသုံးပြုနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရာမှာ သစ်တော၊ သစ်ပင် ထိန်းသိမ်းပြုစုရေးနှင့် ဒေသစိမ်းလန်းစိုပြည်ရေးသည်



အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်နှင့်မြို့နယ်များမှခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ဝန်ထမ်းများ၊ ဆားလင်းကြီး၊ ယင်းမာပင်နှင့်ပုလဲမြို့နယ်တို့မှ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆားလင်းကြီးမြို့နယ် မြို့ပေါ် ရပ်ကွက်(၁)၊(၂)နှင့်(၃) ရပ်ကွက်၊ ကျေးရွာအုပ်စု ခုနစ်အုပ်စုမှ ကျေးရွာ ပေါင်း၂၀တို့မှ ဒေသခံပြည်သူများ၊ ဆားလင်းကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ဘင်ခရာ ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့်ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၄၅၀၀ ကျော် တက်ရောက်ကြသည်။

## စိုက်ပျိုးရေဖြည့်စွက်ပေးဝေနိုင်

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင်ယနေ့ဖွင့်လှစ်သည့် ဆားလင်းကြီးရေလှောင်တမံသည် မုံရွာခရိုင် ဆားလင်းကြီးမြို့အနီးတွင်တည်ဆောက်ထားသော ရေလှောင်တမံ တစ်ခုဖြစ်ကြောင်း၊ ဆားလင်းကြီးမြို့နယ်သည် မိုးရွာသွန်းမှုနည်းပါးပြီး ပူပြင်းခြောက်သွေ့သည့် မြို့နယ်တစ်ခုဖြစ်ကြောင်း၊ ဤဒေသတွင် နေထိုင်သူများသည် နွေရာသီတွင် သောက်သုံးရေမလုံလောက်သည့် အခက်အခဲများရှိသည့်အတွက် သောက်သုံးရေကိုဖြည့်ဆည်းပေးရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေး၊ဒေသဖွံ့ဖြိုးတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် ဆားလင်းကြီး ရေလှောင်တမံကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဤရေလှောင်တမံသည် လယ်မြေဧက ၆၀၀ခန့်ကိုလည်း စိုက်ပျိုးရေဖြည့်စွက်ပေးဝေနိုင်မှာဖြစ်ကြောင်း။

ဆားလင်းကြီး၊ ယင်းမာပင်၊ ပုလဲ၊ မင်းကင်း၊ ကနီစသည့် မြို့နယ်များသည် ချင်းတွင်းမြစ် အနောက်

## ကျော်လွှားနိုင်

ထို့ကြောင့်လည်း ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေးနှင့်လမ်းပန်းဆက်သွယ်မှုတိုးတက်ကောင်းမွန်ရန်အတွက် ချင်းတွင်းမြစ်ကူးတံတားကြီးများဖြစ်သည့် ဆင်ဖြူရှင်တံတားနှင့် မုံရွာတံတားတို့ကို တည်ဆောက်ပေးခဲ့သကဲ့သို့ ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ– ကလေးရထားလမ်းနှင့် ကားလမ်းများအဖြစ် မုံရွာ–ယာကြီး–ကလေးဝ လမ်းသစ်တို့ကို ဖောက်လုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့အပြင် မုံရွာ–ပုလဲ–ဂန့်ဂေါလမ်းနှင့် မုံရွာ–ဆားလင်းကြီး–ပခုက္ကူလမ်းတို့ကို တိုးတက်ကောင်းမွန်အောင် ပြင်ဆင်သကဲ့သို့ ယင်းလမ်း နှစ်လမ်းကို ဆက်သွယ်သည့် မြောက်ယမားချောင်းကူးတံတားနှင့် ဖြတ်လမ်းကို ဖောက်လုပ်နိုင်ခဲ့သည့်အတွက် စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် အောက်ပိုင်း၊ မကွေးတိုင်းတို့ကို လွယ်ကူစွာ သွားလာရာမှာ လမ်းကြောင်း တစ်ဖြောင့်တည်း၊ တစ်ကြောင်းတည်းသွက်လက်မြန်ဆန်စွာ သွားလာနိုင်ကြပြီဖြစ်ကြောင်း၊ ချင်းတွင်းမြစ်၊မြောက်ယမားချောင်း၊ တောင်ယမားချောင်းတို့မှာ လမ်းပန်း ဆက်သွယ်ရာတွင် အကန့်အသတ် အတားအဆီးဖြစ်မနေတော့ဘဲကျော်လွှားနိုင်ပြီ ဖြစ်ကြောင်း။

ထို့အတူ ရေရရှိရေးလုပ်ငန်းများစသည့်မြစ်ရေတင်စီမံကိန်းများကြောင့် စစ်ကိုင်းတိုင်း၏စိုက်ပျိုးမြေဧရိယာဧကရှစ်သိန်းခန့်မှာ စိုက်ပျိုးရေသေချာစွာခံစားရရှိနေပြီး သီးထပ်စိုက်ပျိုးမှုအခြေအနေများသည် သိသာစွာတိုးတက်လျက်ရှိကြောင်း၊ စိုက်ပျိုးမြေဧကသိန်း၄၀ခန့်အပေါ်မှာ တစ်နှစ်ပတ်လုံးသီးနှံစိုက်ဧရိယာဧကမှာ သိန်း၇၀ခန့်အထိတိုးတက်လာကြောင်း ကိန်းဂဏန်းများအရစိစစ်တွေ့ရှိနေရပြီဖြစ်ကြောင်း။

စပါးစိုက်ဧကမှာ ၁၉၈၈–၈၉ခုနှစ်တွင် ၁၂သိန်းခန့်ရှိရာမှ ယခုဆိုလျှင် ဧက၁၇သိန်းကျော် ပုံမှန်တိုးချဲ့စိုက်နိုင်တာဖြစ်သည့်အတွက် ဒေသဆန်ဖူလုံသည့်အပြင် ဆန်စပါးတင်းသိန်း ၄၀၀ခန့် နှစ်စဉ်ပိုလျှံနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က **"စစ်ကိုင်းတိုင်းကို အထက်မြန်မာပြည်၏စပါးကျီဖြစ်ရမယ်"၊"မိုးစပါးဧကသိန်း၂၀ တိုးချဲ့စိုက်ပျိုးနိုင်ပြီး စပါးတင်းသိန်း ၈၀၀ပိုလျှံရမယ်"**ဆိုသည့် ကြီးမားသောရည်မှန်းချက်ကို ချမှတ်ပေးထားပြီးဖြစ်ကြောင်း။

## ကြိုးပမ်းအားထုတ်

ထို့ကြောင့် ယနေ့စစ်ကိုင်းတိုင်း၏ တာဝန်မှာ ဆန်စပါးတိုးချဲ့စိုက်ရန် တာဝန်ရှိသကဲ့သို့ မူလပင်မ စိုက်နေသော ဝါ၊ ပဲအမျိုးမျိုး၊ မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံအမျိုးမျိုးလုပ်ကိုင်အားထုတ်ရန်အခြေခံကောင်းများ ရှိနေပြီဖြစ်ကြောင်း။

အုပ်ချုပ်ရေးအခြေခံကောင်း၊စီးပွားရေးအခြေခံကောင်း၊ ပညာရေးအခြေခံကောင်း၊လမ်းပန်းဆက်သွယ်မှုအခြေခံကောင်းများ တည်ရှိလာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာလာရုံသာမက ဒေသအလိုက် ပညာတတ်တွေ၊ စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက် လာလျက်ရှိကြောင်း။

ယင်းသို့ အခြေအနေအခွင့်အလမ်းများကိုဖော်ထုတ်နိုင်မှလည်း နိုင်ငံတော်ကို စစ်မှန်သည့် ရေရှည် တည်တံ့မည့် စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်မှာဖြစ်ကြောင်း။

## မူဝါဒလမ်းစဉ်(၇)ရပ်

ထို့ကြောင့်လည်း နိုင်ငံတော်အစိုးရသည် ခေတ်စနစ်ပြောင်းလဲတည်ဆောက်နိုင်ရန် အဘက်ဘက်မှ ကြိုးပမ်းတည်ဆောက်နေသကဲ့သို့ နိုင်ငံတော်သစ်အတွက် မရှိမဖြစ် လိုအပ်သော ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်ရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေးဆိုသည့် နိုင်ငံရေးဦးတည်ချက်(၂)ရပ်ကို ဖြည့်ဆည်းနိုင်ရေးအတွက် နိုင်ငံတော်၏ လက်တွေ့ပကတိအခြေအနေများနှင့် ကိုက်ညီအင်မတန် အရေးကြီးလှကြောင်း၊ သစ်တော၊သစ်ပင် ပြုန်းမယ်ဆိုလျှင် ရာသီဥတုလည်းပျက် ၊ မြေဆီ ဩဇာလည်းပျက်စီးမှာဖြစ်ကြောင်း၊ ဆည်များ အတွင်းမှာလည်း ရေစီးဝင်မှု အားနည်းလာမှာဖြစ်ကြောင်း၊ထို့ကြောင့် အရှိန်အဟုန်ရရှိနေပြီဖြစ်သည့် စစ်ကိုင်းတိုင်း၏ စိမ်းလမ်းစိုပြည်ရေး လုပ်ငန်းကို အရှိန်အဟုန်မပျက် ဝိုင်းဝန်းပူးပေါင်းအကောင်အထည်ဖော်ရန် အထူးလိုအပ်ကြောင်း ပြောကြားလိုကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့အပြင် ဆည်များ၊ မြစ်ရေတင်စခန်းများ၏ အကျိုးပြုမှုကို အခြေခံပြီး လယ်ယာကုန်ထုတ်လုပ်မှု လုပ်ငန်းကို တိုးတက်အောင်၊ သီးနှံ အမယ်သစ် (အမည်သစ်)များ စိုက်ပျိုးထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် အရေးကြီးကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း၌ ရေလှောင်တမံတစ်ခု ထပ်မံပေါ်ပေါက်လာပြီဖြစ်၍ နိုင်ငံတော်က စိုက်ပျိုးရေးသာမက ဒေသစိမ်းလန်း

*စာမျက်နှာ ၇ ကော်လံ ၁*

# စစ်ကိုင်းတိုင်းအတွင်း ရေလှောင်တမံအကြီးအသေး ၁၄ခုခန့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဆည်များ၊ မြစ်ရေတင်များ၏ အကျိုးပြုမှုကို အခြေခံပြီး သီးနှံအမယ်သစ်များ စိုက်ပျိုးနိုင်ရေးကြိုးပမ်း

စာမျက်နှာ ၆မှ

စိုပြည်ရေးကို အထောက်အကူပြုမည့် အခြေခံကောင်းများမွေးဖွားပေးသည့် နေ့တစ်နေ့အဖြစ် ဒေသခံပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာဂုဏ်ယူဖြစ်မိပါကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် ဆားလင်းကြီး ရေလှောင်တမံမှာ စစ်ကိုင်းတိုင်း မုံရွာခရိုင်၊ဆားလင်းကြီးမြို့အနီး ဆားလင်းကြီး ချောင်းပေါ်တွင် တည်ဆောက်ခဲ့သည့် မြေသားတမံ အမျိုးအစားဖြစ်ကြောင်း၊ ဤရေလှောင်တမံမှာ အဓိကအားဖြင့် ပူပြင်းခြောက်သွေ့ပြီး ရေရှားပါးသော ဆားလင်းကြီးမြို့နယ်အတွင်းရှိ မူလယာမြေများကို လယ် မြေအဖြစ် ပြောင်းလဲ၍ရေပေးဝေနိုင်မည့်အပြင် ဒေသသောက်သုံးရေပေးဝေနိုင်အောင် အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်လာမည့် ရေလှောင်တမံတစ်ခုဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအတွင်း ၁၉၈၈ခုနှစ်ကစပြီး ယနေ့အထိ ယခုဖွင့်လှစ်လိုက်သည့် ဆားလင်းကြီးရေလှောင်တမံအပါအဝင် ဆည်/တမံအကြီးအသေး ၁၇ခုကို ငွေကျပ်သန်းပေါင်း ၁၂၁၁၉ ဒသမ ၁၈သန်း အကုန်အကျခံတည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အကျိုးပြုဧကအနေနှင့် ၃၆၇၄၄၄ဧကကျော်ခန့်ရှိနေပြီဖြစ်ကြောင်း။

ဆားလင်းကြီးမြို့နယ်နှင့် ဆက်စပ်နေသည့် ပတ်ဝန်းကျင်တွင် တည်ဆောက်ပြီးရေလှောင်တမံများကိုကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်နောက်ပိုင်း သာစည်ရေလှောင်တမံ၊ ထန်းဇလုပ်ရေလှောင်တမံ၊ နွယ်ခွေရေလှောင်တမံ၊ လက်ယက်မရေလှောင်တမံ၊ ကြက်မောက်နှင့် လယ်တီရေလှောင်တမံ၊ တောင်ယမားရေလှောင်တမံ၊ မြောက်ယမားရေလှောင်တမံ၊ လက်ပန်ရေလှောင်တမံနှင့် ငွေသာရေလှောင်တမံတို့တည်ရှိနေပြီး ဖြစ်ကြောင်း။

### ၁၆၄ခုမြောက် ရေလှောင်တမံ

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအခြေခံသော စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေး၏ အခြေခံလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးရေဖူလုံစွာရရှိအောင် ဆည်မြောင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်တည်ဆောက်ပေးနေသည်မှာ တစ်နိုင်ငံလုံးအနှံ့အပြားဖြစ်ကြောင်းနှင့် ယနေ့ဖွင့်လှစ်ပေးလိုက်သည့် ဆားလင်းကြီးရေလှောင်တမံမှာ ၁၆၄ခုမြောက် ရေလှောင်တမံဖြစ်ပြီး စစ်ကိုင်းတိုင်းအတွင်း တွင်ဆက်လက်၍ ရေလှောင်တမံအကြီးအသေး ၁၄ခုခန့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ ယနေ့ဖွင့်လှစ်လိုက်သော ဆားလင်းကြီးရေလှောင်တမံမှာ ဆားလင်းကြီးမြို့နယ်အတွင်း လယ်မြေဧက ၆၀၀ခန့်ကို ရေပေးနိုင်မှာဖြစ်ကြောင်း၊ ထို့ပြင် သိုလှောင်နိုင်သည့် ပမာဏအရ စိုက်ပျိုးရေပေးဝေသည့်အပြင် ဒေသခံပြည်သူများ သောက်သုံးရေရရှိရေးကိုပါ ထည့်သွင်းတည်ဆောက်ထားခြင်းဖြစ်သည့်အတွက် စိုက်ပျိုးရေအတွက်သာမက သောက်သုံးရေအတွက်ပါ အထောက်အကူပြုမည့် ရေလှောင်တမံတစ်ခုဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခဲ့သည့်အတွက်လည်း ဒေသခံပြည်သူလူထုများ၏ကိုယ်စား နိုင်ငံတော်အကြီးအကဲများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ကို များစွာ ကျေးဇူးတင်ရှိကြောင်း။

စစ်ကိုင်းတိုင်းသည် စပါး၊ ဝါ၊ ကြံ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများပါ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေသော တိုင်းတစ်ခုဖြစ်သည့်အတွက် နိုင်ငံတော်မှ စီးပွားရေးအရ အဓိက အားထားရသော တိုင်းတစ်တိုင်း ဖြစ်သည့်အပြင် စစ်ကိုင်းတိုင်းသည် အထက်မြန်မာပြည်၏ စပါးကျီဖြစ်ရမည်ဟူသော ဆောင်ပုဒ်အတိုင်း ယခုကဲ့သို့ ဆားလင်းကြီးရေလှောင်တမံ ဆောက်ပေးခြင်းဖြင့် ဆားလင်းကြီး ဒေသတွင် စိုက်ပျိုးရေရရှိလာခြင်းကြောင့် စပါးအပါအဝင် သီးနှံများ အောင်အောင်မြင်မြင် စိုက်ပျိုးလာနိုင်ပြီး တောင်သူလယ်သမားကြီးများ၏ ဝင်ငွေတိုးပွားစည်ပင်လာတော့မှာဖြစ်ကြောင်း၊ ထို့ပြင် ဆားလင်းကြီးဒေသတစ်ဝိုက်ရှိ ပြည်သူများ သောက်သုံးရေ လွယ်လင့်တကူရရှိလာတော့မည်ဖြစ်ကြောင်း။



စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ဆားလင်းကြီး ရေလှောင်တမံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ဆားလင်းကြီးရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

### ထိန်းသိမ်းစောင့်ရှောက်

ဒေသလိုအပ်ချက်အရ ယနေ့ဖွင့်လှစ်လိုက်သည့် ဆားလင်းကြီးရေလှောင်တမံမှာ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့ကို အထောက်အကူပြုပေးမည့်လုပ်ငန်းဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြပြီး ရေဝေရေလဲဧရိယာအား အစဉ်ထာဝရစိမ်းလန်းစိုပြည်ရေးကို ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင် ဆောင်ရွက်စောင့်ရှောက်ကြရန်နှင့် ဆည်မြောင်းလုပ်ငန်းများကို ဘိုးဘွားပိုင်အမွေအနှစ်များအဖြစ် ချစ်မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြပါဟု တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကားပြောကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် ယခုဆိုလျှင် ဆားလင်းကြီးရေလှောင်တမံအပါအဝင် ဆည်မြောင်း တာတမံ စီမံကိန်းပေါင်း ၁၆၄ ခုကို အချိန်တိုအတွင်း အကောင်အထည်ဖော်ခဲ့သည့်အတွက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူ လယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်များမှာ သီးနှံရေသွင်းစိုက်ပျိုးမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ၁၉ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားနေရပြီဖြစ်ကြောင်း။

ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ဤဒေသတစ်ဝန်းလုံးမှာ ရေမြေသဘာဝအနေအထားအရ မိုးကာလတွင်ပင် မိုးပါးသည့်ရပ်ဝန်းဖြစ်နေခဲ့ကြောင်း၊ ပူပြင်းခြောက်သွေ့မှုကြောင့် မိမိတို့လယ်ယာလုပ်ငန်းအပြင် လူမှုရေးဘဝမှာပါ သောက်သုံးရေအခက်အခဲကြောင့် ပင်ပန်းမှုများ ကြုံတွေ့နေကြရကြောင်း၊ ထို့ကြောင့် ဤဒေသမှ တောင်သူလယ်သမားပြည်သူများ၏ စီးပွားရေး၊ လူမှုရေး အဆင့်အတန်းကို မြှင့်တင်ပေးပြီး နိုင်ငံတော်အတွက် လယ်ယာကုန်ထုတ်စွမ်းအား တိုးတက်မှုကို ဖြည့်ဆည်းပေးနိုင်ရအောင် ဆားလင်းကြီးချောင်း၏ ရေစီးရေလာကို အားပြု၍ ရေလှောင်တမံတစ်ခု ထပ်မံတည်ဆောက်လိုက်ခြင်းဖြစ်ကြောင်း။

### တိုးတက်ခံစား

ဆားလင်းကြီးမြို့နယ်၏ ဤဒေသက ကျေးရွာအုပ်စုနှစ်ခုမှာ မိုးစပါး၊ ပဲစင်းငုံနှင့် နှံစားပြောင်းကို မူရင်းဧက ၆၀၀ မှာ ပထမသီးနှံအဖြစ် စိုက်ပျိုးပြီး ဒုတိယသီးနှံအဖြစ်နှင့် ဧက ၂၀၀ ဝန်းကျင်ကိုသာ နေကြာ၊ ငရုတ်၊ ကုလားပဲသီးနှံတို့ကို စိုက်ပျိုးနိုင်ကြခြင်းဖြစ်ကြောင်း၊ သီးနှံစိုက်စွမ်းအားကိုကြည့်လျှင် ၁၃၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ယခု ဤရေလှောင်တမံကြီး တည်ဆောက်ပေးလိုက်သည့်အတွက် မူရင်းဧက ၆၀၀ တွင် တောင်သူများ ဝင်ငွေပိုကောင်းစေမည့် မိုးစပါး၊ ချည်မျှင်ရှည်ဝါ၊ ပဲတီစိမ်း၊ မိုးနှမ်းတို့ကို ပထမသီးနှံအဖြစ်နှင့် စိုက်ပျိုးနိုင်တော့မည့်အပြင် ဒုတိယသီးနှံ ကုလားပဲ၊ ဆောင်းနေကြာ၊ ဆောင်းနှမ်းကို ဧက ၆၀၀၊ တစ်ဖန် ထပ်မံပြီး တတိယသီးနှံ မိုးကြိုနှမ်း၊ မိုးကြိုပဲတီစိမ်းတို့ကို ဧက ၂၀၀ စိုက်ပျိုးလာနိုင်မှာဖြစ်၍ သီးနှံပုံစံသည် တစ်နှစ်သုံးသီးနှင့် သီးနှံစိုက်စွမ်းအားမှာ ၂၃၃ ရာခိုင်နှုန်းအထိ တိုးတက်အကျိုးခံစားရတော့မည် ဖြစ်ကြောင်း။

အောက်မြန်မာပြည်တွင် ဧရာဝတီ၊ အထက်မြန်မာပြည်တွင် ဖေယျာရွှေပြည်ဆိုသည့် စစ်ကိုင်းတိုင်းတို့မှာ မြန်မာပြည်၏ စပါးကျီများဖြစ်ကြကြောင်း၊ တောင်သူလယ်သမားကြီးများအနေနှင့် မိမိတို့တိုင်းဒေသမှာ မိမိတို့ဘဝ တိုးတက်မြင့်မားရအောင် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များကို ယခုကဲ့သို့ ရရှိခံစားရပြီဖြစ်ခြင်းကြောင့် အခြေခံလယ်ယာစီးပွားရေးလုပ်ငန်းတွင် ဆန်စပါးအပါအဝင် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု ပိုမိုအောင်မြင်ရေးအတွက် ကြိုးပမ်းလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ တစ်ဖက်မှာလည်း သမားရိုးကျ လယ်ယာလုပ်ငန်းဘဝမှ မျိုးကောင်းမျိုးသန့်နှင့် ခေတ်မီသည့် နည်းပညာများအသုံးချပြီး စက်မှုလယ်ယာလုပ်ငန်းဘဝကို ရောက်ရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် တိုက်တွန်းအားပေးလိုကြောင်း။

ယခုကဲ့သို့ ရေရှည်အတွက် ရင်းနှီးမြှုပ်နှံမှုများစွာ ကျခံပြီး အချိန်တိုတိုအတွင်း အကျိုးမြန်မြန်ဖြစ်ထွန်းရန် ရေလှောင်တမံစီမံကိန်းများကို ဆောင်ရွက်ပေးသည့်နေရာတွင် တစ်ဖက်ကလည်း ဆည်တမံလုပ်ငန်းများကို သားစဉ်မြေးဆက် အကျိုးခံစားသွားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရေးသည် အရေးကြီးကြောင်း။

ဤဒေသကဲ့သို့ မိုးနည်းရေရှားဒေသများတွင် ရေကိုထိန်းနိုင်မည့် သစ်တောသစ်ပင်များကို ထိန်းသိမ်းပေးနိုင်ခြင်းသည် ရေတိုက်စားမြေပြိုမှု၊ မြေဆီလွှာကုန်ခမ်းမှုများကို ကာကွယ်ပေးနိုင်ကြောင်း၊ ထို့ကြောင့် ဒေသ၏ ဆည်ရေဝေရေလဲ ဧရိယာအတွင်းက သစ်တောသစ်ပင်များ ရှင်သန်တည်တံ့ရေးအတွက်လည်း ဝိုင်းဝန်း စောင့်ရှောက်ပေးကြရန် မှာကြားလိုကြောင်း။

### စနစ်တကျလုပ်ကိုင်သုံးစွဲ

ထို့အပြင် ရေလှောင်တမံကရေကို ရေရှည်အကျိုးရှိရှိသုံးစွဲနိုင်အောင် တူးမြောင်းစနစ်များ မပျက်စီးရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ ရေညစ်ညမ်းမှု မရှိစေရေးအတွက် သတ်မှတ်ထားသည့် ဆည်မြောင်းစည်းကမ်းများကို လိုက်နာကြပြီး စနစ်တကျလုပ်ကိုင်သုံးစွဲကြရန် တိုက်တွန်းလိုကြောင်း။

ယခု ရေလှောင်တမံကို တစ်နှစ်တာကာလအတွင်း တည်ဆောက်ဖွင့်လှစ်နိုင်အောင် ကြီးကြပ်စီမံပေးကြသည့် ဒေသအာဏာပိုင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်ပေးကြသည့် ဆည်မြောင်းဝန်ထမ်းများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ်မှ ဒေသခံပြည်သူများ ကိုယ်စား ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးညီညီထွေးက ဆားလင်းကြီးရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများသည် ဆားလင်းကြီးရေလှောင်တမံကို ဖွင့်လှစ်ရန်အတွက် ရေလှောင်တမံမုခ်ဦးထိပ် သတ်မှတ်နေရာတို့၌ နေရာယူကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆားလင်းကြီးရေလှောင်တမံ မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ဆားလင်းကြီးရေလှောင်တမံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် ဒေသခံပြည်သူများနှင့်အတူ ဆားလင်းကြီးရေလှောင်တမံဖွင့်ပွဲမုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် ဆားလင်းကြီးရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ဆားလင်းကြီးရေလှောင်တမံပေါ်မှ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကာ ရေထိန်းမျှော်စင်နှင့် ဆားလင်းကြီးရေလှောင်တမံ ရေသိုလှောင်ထားမှုအခြေအနေ၊ ရေလှောင်တမံအနီး စိမ်းလန်းစိုပြည်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂) နှင့်အဖွဲ့ဝင်များသည် ဆားလင်းကြီးရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၄) ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်က ဆားလင်းကြီး ရေလှောင်တမံ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ မိုးရွာသွန်းမှုအခြေအနေနှင့် ရေသိုလှောင်နိုင်မှု၊ လက်တံမြောင်းများဆက်လက်ဖောက်လုပ်နေမှု၊ စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို ၂၀၀၅ခုနှစ် မတ်လအတွင်းပြီးစီးရန် ဆက်လက်ဆောင်ရွက်နေမှုနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆက်စပ်ဆောင်ရွက်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်း၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကလိုအပ်သည်များကို ထပ်မံမှာကြားသည်။

ယနေ့ဖွင့်လှစ်သည့် ဆားလင်းကြီး ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ၅၂ပေ၊ တမံအလျားပေ၃၆၀၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၄၆၂၀၊ ရေဆင်းဧရိယာ ၁၁စတုရန်းမိုင်ဖြစ်သည်။ ဒေသတွင်း သောက်သုံးရေမလုံလောက်ခြင်း၊ နွေရာသီ သောက်သုံးရေခက်ခဲခြင်းများအား ဖြည့်ဆည်းပေးရန်၊ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် ဆည်ရေသောက် ဧရိယာဧက ၆၀၀ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်ရန်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အနီးတစ်ဝိုက်ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ်၍ အကောင်အထည်ဖော်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)



စက်တင်ဘာ ၂၄ရက်က လူမှုဝန်ထမ်းဦးစီးဌာန ရွှေဂုံတိုင်ကလေးပြုစုရေးဌာနသို့ တောင်ဥက္ကလာပမြို့နယ် အမှတ် ၄၃၁ (၉)ရပ်ကွက်နေ တက်နေဝင်းမိသားစုက မိခင်ကြီးဒေါ်ခင်မြင့်၏ မွေးနေ့အထိမ်းအမှတ် ငွေပဒေသာပင်ကျပ်တစ်သိန်းကို ကလေးပြုစုရေးဌာန အုပ်ချုပ်ရေးမှူး ဒေါ်တင်တင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။



စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်ထားရှိသော စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးရုံးခန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

*** ရှေ့ဖုံးမှ**

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေး မှာကြားရာတွင် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကျင်းပရန် အချိန်နီးကပ်လာပြီဖြစ်သည်နှင့်အညီ ဖွဲ့စည်းပေးထားသည့် ကော်မတီနှင့် ဆပ်ကော်မတီများကလည်း လုပ်ငန်းကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေကြောင်း။

ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ ကျင်းပသည့်အချိန်တွင် အောင်အောင်မြင်မြင် ဖြစ်ထွန်းရေးအတွက် လိုအပ်ချက်များကို ဟာကွက်မရှိ ပြည့်ပြည့်စုံစုံဖြစ်အောင် ကြိုတင်တွက်ချက် စီမံဆောင်ရွက်ကြရန်လိုကြောင်း။

**အလေးထားဆောင်ရွက်**

မြန်မာနိုင်ငံတွင် ယခုကျင်းပမည့် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကြီးကို ထေရဝါဒဗုဒ္ဓဘာသာ ပီပီသသဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ခံ့ညားထည်ဝါစွာ ဆင်ယင်ကျင်းပသွားနိုင်ရေးကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ထိပ်သီးညီလာခံသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၏ စိတ်သန္တာန်တွင် ထာဝရစွဲထင်ကျန်ရစ်နေစေရအောင် ကဏ္ဍအလိုက်လိုအပ်ချက်များကို ပြည့်ပြည့်စုံစုံ ညှိနှိုင်းပေါင်းစပ်ပြီး ကြိုတင်စီမံ ဆောင်ရွက်ကြရန်နှင့် ထိပ်သီးညီလာခံကျင်းပရန်အတွက် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးနိုင်ရေးအတွက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးရုံးနှင့် ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ကော်မတီအလိုက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် အဆုံးအဖြတ်ပေးရန်များကို ဆွေးနွေးတင်ပြသွားရန် မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က ပြီးခဲ့သော လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ပေးထားသောလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူးရုံး ဖွင့်လှစ်၍ အချိန်ပြည့်ရုံးထိုင်ဆောင်ရွက်နေမှုအခြေအနေ၊ ညီလာခံကျင်းပမည့်နေ့များ၏ အစီအစဉ်များနှင့် ဖွင့်ပွဲအခမ်းအနား မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးရန် စီစဉ်ထားမှုအခြေအနေ၊ ဗုဒ္ဓအမွေအနှစ် ယဉ်ကျေးမှုပြခန်းဖွင့်လှစ်ပြသရန် စီစဉ်ထားမှုအခြေအနေနှင့် ယခုအစည်းအဝေးက အဆုံးအဖြတ်ပေးရန်ရှိသည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဆပ်ကော်မတီများဖြစ်ကြသည့် အခမ်းအနားပြင်ဆင်ရေး၊ စိမ်းလန်းစိုပြည်ရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး၊ ကြိုဆိုပို့ဆောင်ရေး၊ အစည်းအဝေးများကျင်းပရေး၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်း ထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေး၊ စည်းကမ်းထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆပ်ကော်မတီအလိုက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုစစ်ဆေး**

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် ဖွင့်လှစ်ထားရှိသော စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူးရုံးခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များလိုက်ပါလျက် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့ သွားရောက်၍ လိုဏ်ဂူတော်အဝင်မုခ်ဦးနှင့် လိုဏ်ဂူတော်ကြီးအတွင်း ပြုပြင်မွမ်းမံ တည်ဆောက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လိုဏ်ဂူတော်ကြီး ပြုပြင်မွမ်းမံတည်ဆောက်နေမှုတွင် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားပြီး ညနေ၃နာရီခွဲတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

## ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေး စီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေးပညာဌာနနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ အမျိုးသားကျန်းမာရေးပြတိုက်သင်တန်းခန်းမ၌ စက်တင်ဘာ ၂၄ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

**မေးမြန်းဆွေးနွေး**

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဗဟိုကျန်းမာရေးပညာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး Population Service International (PSI) အဖွဲ့မှ ဒေါက်တာစောမားကပ်စ်က Super Tab ခေါ် ဆေးစိမ်ခြင်ထောင်နှင့်ပတ်သက်၍ ၎င်းဆေး၏ အာနိသင်များ၊ ဆေးစိမ်ခြင်ထောင် ဆေးစိမ်နည်းများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဒေါ်နန္ဒာလင်းက Water Guardခေါ် ရေသန့်ဆေးရည်အကြောင်း ဖတ်ကြားတင်ပြပြီး ရေသန့်ဆေးရည်ကို လက်တွေ့ဖျော်စပ်ပြသရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကုလသမဂ္ဂအထွေထွေညီလာခံတက်ရောက်ရန် ဝန်ကြီးဦးညဏ်ဝင်း နယူးယောက်သို့ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၂၆**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ၂၀၀၆ခုနှစ် စက်တင်ဘာ ၁၄ရက်တွင် စတင်ဖွင့်လှစ်ကျင်းပလျက်ရှိသည့် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းအား ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း၊ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူး ကိုယ်စား UNFPA ကိုယ်စားလှယ် Mr. Najib M. Assifi၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အထူးအရာရှိ ဦးမင်းသိမ်းလည်း လိုက်ပါသွားသည်။ **(သတင်းစဉ်)**





နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ် **Relaxation Zone** အတွင်း တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✡ *ကျောဖုံးမှ*

အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ အဓိကရောဂါ ခြောက်မျိုး ကုသရေးဆေးဝါးများ ထုတ်လုပ်ရေးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဌာန ဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံတွင် အဖြစ်များသည့် အဓိကရောဂါ ခြောက်မျိုးအတွက် ကာကွယ်ကုသနိုင်မည့် ဆေးဝါးများကို မြန်မာ့တိုင်းရင်းဆေးများ၊ မြန်မာ့တိုင်းရင်းဆေးပင်များ၊ သစ်ဥသစ်ဖုများကို အခြေခံ၍ သုတေသနပြုထုတ်လုပ်သွားရန် နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ခဲ့မှုအရ ၂၀၀၁ ခုနှစ်ခန့်က စတင်ပြီး နိုင်ငံတော်အစိုးရ ဝန်ကြီးဌာနများပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် လေးနှစ်တိတိပြည့်ခဲ့ပြီဖြစ်ကြောင်း။

အဓိကရောဂါခြောက်မျိုးအတွက် စွမ်းအင် အာနိသင်ထက်မြက်သည့် မြန်မာ့ပင်ရင်း တိုင်းရင်းဆေးပင်များ သုတေသနပြုဖော်ထုတ်ခြင်း၊ စမ်းသပ်စိုက်ပျိုးခြင်း၊ ဆေးဝါးထုတ်လုပ်ရေးအတွက် သုတေသနပြုခြင်း၊ နည်းစဉ်များ ဖော်ထုတ်ခြင်းလုပ်ငန်းများကို ဝန်ကြီးဌာနများ ပေါင်းစည်းပြီး စနစ်တကျ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ အချို့ဆေးဝါးများနှင့် ပတ်သက်ပြီး စီးပွားဖြစ် ထုတ်လုပ်မှုအဆင့်သို့ မရောက်ရှိသေးသော်လည်း ဆေးဝါး စမ်းသပ်ထုတ်လုပ်နိုင်မှု၊ အာနိသင်ထက်မြက်မှုနှင့်ပတ်သက်၍ စမ်းသပ်သုတေသနပြုမှု အဆင့်များအထိ ရောက်ရှိနေပြီဖြစ်သည်ကို တွေ့ရကြောင်း။

## ထုတ်လုပ်အောင်မြင်ခဲ့

အထူးသဖြင့် မြန်မာနိုင်ငံ၌အဖြစ်များသည့် ငှက်ဖျားရောဂါကုသဆေး ထုတ်လုပ်ရေးနှင့်ပတ်သက်ပြီး ဒေါနရွှေဝါ(Artimisia)အပင်မှ ထုတ်လုပ်သည့် ဆေးဝါးနှင့် စင်ကိုနာပင်မှ ထုတ်လုပ်သည့် ဆေးဝါးတို့ကို သုတေသနပြု စမ်းသပ်ထုတ်လုပ် အောင်မြင်ခဲ့ပြီးနောက် စီးပွားဖြစ် ထုတ်လုပ်နိုင်သည့်အဆင့်သို့ရောက်ရှိခဲ့ပြီးဆက်လက် ထုတ်လုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဝမ်းကိုက်ရောဂါ၊ သွေးချိုရောဂါ၊ သွေးတိုးရောဂါတို့နှင့်ပတ်သက်သည့် တိုင်းရင်းဆေးဝါးများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနက သုတေသနပြုဖော်ထုတ်နိုင်ခဲ့ပြီး အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ နည်းစဉ်များလွှဲပြောင်းပေးနိုင်ခဲ့သဖြင့် ဆေးဝါးများထုတ်လုပ်ကာ အများပြည်သူသို့ သက်သာသည့်နှုန်းထားဖြင့်ဖြန့်ဖြူးရောင်းချပေးနိုင်နေပြီဖြစ်ကြောင်း။

## သုတေသနပြုဖော်ထုတ်နိုင်

အခြားအဖြစ်များသောရောဂါများအတွက် အာနိသင်ထက်မြက်သည့် တိုင်းရင်းဆေးဝါးများသုတေသနပြု ဖော်ထုတ်နိုင်ပြီဖြစ်သဖြင့် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း။

အထူးသဖြင့် အနောက်တိုင်းဆေးဝါးများဖြင့် ကုသ၍မပျောက်ကင်းနိုင်သည့် ကင်ဆာရောဂါကဲ့သို့သော ရောဂါကြီးများ ကုသပျောက်ကင်းနိုင်သည့် အာနိသင် ထက်မြက်သော ဆေးဖက်ဝင် မြန်မာ့ပင်ရင်း တိုင်းရင်းဆေးပင်များကိုလည်း စနစ်တကျ ထိန်းသိမ်းပျိုးထောင်မှုများ၊ ဆေးဝါးထုတ်လုပ်ရေးအတွက် သုတေသနပြုမှုများ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

## ဆက်လက်ထုတ်လုပ်ရန်စီစဉ်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ အဓိကရောဂါခြောက်မျိုး ကုသရေး ဆေးဝါးများထုတ်လုပ်နိုင်ရေးအတွက် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသဖြင့် ယခုအချိန်အခါတွင် အစွမ်းအာနိသင်ထက်မြက်သည့် ဆေးဝါးများ သုတေသနပြုဖော်ထုတ်နိုင်ခဲ့သည့်အပြင် အချို့သောဆေးဝါးများကိုထုတ်လုပ်ဖြန့်ဖြူးနေပြီဖြစ်ပြီး အချို့သော ဆေးဝါးများကိုလည်း ဆက်လက် ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်ဆဲဖြစ်သည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဓိကရောဂါ ခြောက်မျိုးအတွက် ဆေးဝါးများအားလုံး ပြည့်ပြည့်စုံစုံ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်သည်အထိ အရှိန်အဟုန်မပြတ် ဆက်လက် သုတေသနပြု ကြိုးပမ်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို တင်ပြဆွေးနွေးသွားကြရန် ပြောကြားသည်။

ယင်းနောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦးက အဓိကရောဂါ ခြောက်မျိုး ကုသရေးဆေးဝါးများ ထုတ်လုပ်ရေးကော်မတီ အစည်းအဝေး (၂/၂၀၀၂) ၏ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

## ထပ်မံဖြည့်ဆည်း

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အထူးဆေးဝါး ထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)မှ ငှက်ဖျားရောဂါ ကုသဆေးဝါးများထုတ်လုပ်ရန် လုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေ၊ Artemisinin ထုတ်ယူသည့် စက်များနှင့် ဆေးပြားထုတ်လုပ်သည့် ပစ္စည်းများ ဝယ်ယူတပ်ဆင်မှု အခြေအနေ၊ ထိုးဆေးနှင့် ဆေးတောင့်ထုတ်လုပ်ရန် ထပ်မံဖြည့်ဆည်းသွားမည့် စက်ပစ္စည်းများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဆေးဝါးနည်းပညာဖွံ့ဖြိုးရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ မျိုးမြင့်က ဒေါနရွှေဝါ (Artermisia) မှ ငှက်ဖျားရောဂါ ကုသဆေး သုတေသနပြု စမ်းသပ်ထုတ်လုပ်မှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံမှ ဒုတိယစက်ရုံမှူး ဦးဝင်းအောင်က စင်ကိုနာပင်မှ ငှက်ဖျားရောဂါကုသနိုင်သည့် ဆေးပြားနှင့် ထိုးဆေးများ ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံမှ ဒုတိယစက်ရုံမှူး ဒေါက်တာမြင့်စိန်က ငှက်ဖျားရောဂါဆေးထုတ်လုပ်ရန် စင်ကိုနာမှ ကွီနင်းဆာလဖိတ်မှုန့် ထုတ်လုပ်မှု၊ ကွီနင်း ထိုးဆေးအတွက် နည်းပညာလိုအပ်ချက်၊ ၂၀၀၂ ခုနှစ် ဩဂုတ်လနောက်ပိုင်းတွင် အဓိကရောဂါခြောက်မျိုးနှင့် ပတ်သက်သည့် တိုင်းရင်းဆေးသစ်များ ထုတ်လုပ်နိုင်မှုနှင့် အဆုတ်ရောဂါကု ဆေးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ယင်းနောက် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က နိုင်ငံတော်အတွင်း ဆေးဝါးများ သုံးစွဲမှု၌ အမျိုးသားဆေးဝါး မူဝါဒ (National Drug Policy) နှင့် ညီညွတ်စေရေးအတွက် စီမံဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဆေးခါးကြီး၊ မြက်မုန်ညင်း၊ ရင်ခတ်ကြီး၊ မဟော်ဂနီစေ့တို့ကို တိုင်းရင်းဆေးထုတ်လုပ်ရေးအတွက် အာနိသင်များ စမ်းသပ်သုတေသနပြုဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာပိုင်စိုးက ဆေးဝါးထုတ်လုပ်ရာတွင် လိုအပ်သော စမ်းသပ်မှုများနှင့် အဓိကရောဂါ ခြောက်မျိုး ကုသရေးအတွက်ရှိပြီး တိုင်းရင်းဆေးဝါးများ၏ အာနိသင် ထက်မြက်မှုကို သုတေသနပြုဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ဆေးဖက်ဝင်အပင်များ

ဆက်လက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းက ကင်ဆာရောဂါကုသရာ၌ အာနိသင်ရှိသည့် ဆေးဖက်ဝင် အပင်များ သုတေသနပြု ဆောင်ရွက်ခဲ့မှုများနှင့် ယင်းဆေးဖက်ဝင်အပင်များ ပေါက်ရောက်သော ဒေသများ အခြေအနေတို့ကိုရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အဓိကရောဂါ ခြောက်မျိုးကုသရေးအတွက် ပရဆေးပင်များစိုက်ပျိုးရေး၊ ဆေးဝါး သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အရှိန်အဟုန်မြင့် ဆက်လက် ပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ဆွေးနွေးပြီး နိုင်ငံတော်အတွင်း ဆေးဝါးများထုတ်လုပ်ရာ၌ နည်းစဉ်များ တိကျမှန်ကန်စေရေး၊ ပြည်သူများအား ဆေးဝါးသုံးစွဲရာ၌ အကျိုးရှိစေရေးတို့အတွက် အမျိုးသားဆေးဝါးမူဝါဒနှင့် ညီညွတ်စေရန် ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# သဘာဝအခြေခံများမပျက်ဘဲ ရေရှည်တည်တံ့ရေးအစီအမံများ စနစ်တကျချမှတ် ကန်တော်ကြီးသဘာဝဥယျာဉ် အဆင့်မြှင့်ရေး လုပ်ငန်းကဏ္ဍအလိုက် ဟန်ချက်ညီညီဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၆

**ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်ရှိ စိုက်ပျိုးရေးပြတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။**

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်မြို့တော် ကန်တော်ကြီး ဥယျာဉ်နှင့်တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံ အဆင့်မြှင့် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

အစီအစဉ်အရ ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)ဘက်စုံ အဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ကန်တော်ကြီးဥယျာဉ် ဘက်စုံအဆင့်မြှင့်တည်ဆောက်ရေးလုပ်ငန်းတွင် Relaxation Zone၊ Education Zone၊ Central Forest Zone နှင့် Recreation Zone များ သတ်မှတ်၍ ဝန်ကြီးဌာနများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့က ဆောင်ရွက်နေမှု၊ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အဆင့်မြှင့်တည်ဆောက်နေမှုတို့ကို ပဏာမ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က ကန်တော်ကြီးရေပြင် သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်နေမှု၊ Education Zoneအတွင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသော ပြကွက်များ ဆောင်ရွက်ပြီးစီးနေမှု၊ စိုက်ပျိုးရေးအရောင်းဆိုင်ခန်းများ နေရာချထားပေးမှုနှင့် စိုက်ပျိုးရေးပြတိုက်၌ ပြကွက် ၂၂ ကွက် ခင်းကျင်းပြသရန် စီစဉ်ဆောင်ရွက်ပြီးစီးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက Education Zone အတွင်း Fresh Water Fish Garden၌ ငါးကန်များ တည်ဆောက်နေမှု၊ ရေချိုရေငန်နှင့်အလှမွေးငါးများ ခင်းကျင်းပြသရန် စီစဉ်ထားမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က Central Symbol Zoneနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကားရပ်ရန်နေရာနှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) အတွင်းရှိလမ်းများ ဆက်လက်အဆင့်မြှင့် ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က ဟိုတယ်နှင့်စားသောက်ဆိုင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ရွှေ့ပြောင်းရေးလုပ်ငန်းများပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Relaxation Zoneတည်ဆောက်ခြင်းလုပ်ငန်းတွင် Timber Walk Way တည်ဆောက်နေမှုနှင့် Rock Garden တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်ကလုပ်ငန်းများတွင် အရည်အသွေးစစ်ဆေးထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည့်စုံဝင်းနိုင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းနိုင်က Mono Railတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ Wood Land Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းအောင်က Conference Hallဆောက်လုပ်နေမှု အခြေအနေများကို လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

## မှာကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကန်တော်ကြီး သဘာဝဥယျာဉ်ကြီးအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ဟန်ချက်ညီညီပြီးစီးအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ ကန်ရေပိုမိုသို လှောင်သည်နှင့်အမျှ ကန်ပေါင်များ၏ကြံ့ခိုင်ရေးကိုပါစစ်ဆေးပြီး လိုအပ်သလို အားဖြည့်ဆောင်ရွက်ရေး၊ ကန်တော်ကြီး သဘာဝအခြေခံများပျက်ယွင်းမှုမရှိဘဲ ရေရှည်တည်တံ့ရေးအတွက် လိုအပ်သည့် အစီအမံများစနစ်တကျချမှတ် ထိန်းသိမ်းဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စိုက်ပျိုးရေးပြတိုက်အတွင်း ခင်းကျင်းပြသရန်စီစဉ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် Relaxation Zone အတွင်း မွေးမြူရေးနှင့်ရေလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသည့် Fresh Water Fish Garden အတွင်း ပြကွက်များ တည်ဆောက်နေမှု၊ Relaxation Zone ရှိ Rock Garden တည်ဆောက်နေမှုကိုလည်းကောင်း၊ Recreation Zone အတွင်း လှေဆိပ်နှင့် အပန်းဖြေနေရာနှင့် ရေတံခွန်တည်ဆောက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ ကန်တော်ကြီးသဘာဝဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ဆက်သွယ်ထားသော လူကူးခုံးကျော်တံတားတည်ဆောက်နေမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အားမှာကြားကာ ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းရွှေဟသ်ာစံကျောင်းအလှူရှင်များ ပထမအကြိမ် ရေစက်ချမင်္ဂလာကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကင်းမြို့နယ် သုခဝတီလမ်းရှိ စစ်ကိုင်းရွှေဟသ်ာစံကျောင်း သာသနာလင်္ကာရ သီရိရတနာဗိမာန်တော်ကြီး၏အလှူရှင်များ၊ ပထမအကြိမ်အလှူတော် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက အဆိုပါကျောင်းတိုက်၌ကျင်းပသည်။

ရှေးဦးစွာ ပရိသတ်တို့က (ယော) ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး မေတ္တာသုတ်ပရိတ်တရားတော်များနာယူကြသည်။ ထို့နောက် စစ်ကိုင်း ရွှေဟသ်ာစံကျောင်း ဥပါသကာအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)က စုပေါင်းရေစက်ချမင်္ဂလာအခမ်းအနား ကျင်းပခြင်းနှင့်စပ်လျဉ်း၍လျှောက်ထားသည်။

ယင်းနောက် အလှူရှင်များက လှူဖွယ်ဝတ္ထုများကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် (ယော)ဆရာတော်ကြီးက အနုမောဒနာတရားဟောကြားပြီး လှူဒါန်းမှုအစုစုတို့အတွက်ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(က–ပ)**

# ဂရုဓမ္မသီလ

ဦးကျော်ခိန် (မန္တလေး)

**'ဂရုဓမ္မသီလ'**ဟူသည် **'ငါးပါးသီလ'**ဖြစ်၍ သူတော်စင်၊ သူတော်ကောင်းများ အလေးအမြတ်ပြုကာ စောင့်ထိန်းကျင့်သုံးသော သီလတော်ဖြစ်သည်။ ထို**'ငါးပါးသီလ'**ကိုပင် စကြဝတေးမင်းတို့ ဓမ္မသတ်အဖြစ် သတ်မှတ်ခဲ့သောကြောင့် **'စက္ကဝတ္တိဓမ္မသတ်'**ဟူ၍လည်းကောင်း၊ အရိယာသူတော်ကောင်းတို့၏ တရားဖြစ်သောကြောင့် **'အရိယဓမ္မ'**ဟူ၍လည်းကောင်း၊ လူပုဂ္ဂိုလ်တို့အတွက် ခါးဝတ်ပုဆိုးပမာ အမြဲတမ်းဆောက်တည် စောင့်ထိန်းအပ် သောကြောင့် **'နိစ္စသီလ'**ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။

တိုင်းပြည်နိုင်ငံတွင် မင်းနှင့်ပြည်သူ **'ငါးပါးသီလ'**စောင့်ထိန်း ဆောက်တည်ကြသောကြောင့် မိုးလေဝသညီညွတ်မျှတကာ ကောက်ပဲသီးနှံများဖြစ်ထွန်း၍ သာယာဝပြောပုံကို ငါးရာ့ငါးဆယ် တိကနိပါတ် **'ကုရုဓမ္မဇာတ်တော်'**တွင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့သည်။ ကုရုတိုင်းတွင်ရှိ ရှင်ဘုရင်နှင့်တကွ ပြည်သူပြည်သားအားလုံးတို့သည် **'ငါးပါးသီလ'**ကို ကိုယ်စီလုံခြုံမြဲမြံကြသဖြင့် မိုးလေဝသမှန်ကန်ပြီး သာယာဝပြော၍ ကပ်ကြီးသုံးပါးမှလည်း လွတ်မြောက်ကင်းဝေးကြသည်။ တစ်ချိန်တည်းတွင် ကလိင်္ဂတိုင်းပြည်၌ မိုးခေါင်ပြီး ကပ်ကြီးသုံးပါးဆိုက်ရောက်နေသဖြင့် တစ်တိုင်းတစ်ပြည်လုံး အတိဒုက္ခရောက်နေကြသည်။ ကုရုတိုင်းပြည်၌ မိုးလေဝသမှန်ကန်ပြီး သာယာဝပြောသည့် အကြောင်းရင်းကို ကလိင်္ဂတိုင်းပြည် အရှင်ဘုရင်မင်းမြတ်နှင့် မှူးမတ်ပြည်သူများ လေ့လာစူးစမ်းသည့်အခါ ကုရုတိုင်းပြည်အရှင်ဘုရင်နှင့်တကွ တိုင်းသူပြည်သားများ **'ဂရုဓမ္မသီလ'**ကို စောင့်ထိန်းကြသဖြင့် မိုးလေဝသ မျှတညီညွတ်၍ ကောက်ပဲသီးနှံများဖြစ်ထွန်းကာ သာယာဝပြောကြောင်း သိရှိရသောကြောင့် **'ဂရုဓမ္မသီလ'**ကို ရွှေပေလွှာပေါ်တွင် ရေးကူးစေရန် ပုဏ္ဏားတော်ကြီးများအား စေလွှတ်ကြသည်။

ပုဏ္ဏားတော်ကြီးများသည် ကုရုတိုင်းပြည် အရှင်ဘုရင်အား ခွင့်တောင်း၍ ရွှေပေလွှာပေါ်တွင် ကူးယူခဲ့ကြသည့် **'ဂရုဓမ္မသီလ'**တော်မှာ-

၁။ **ပါဏာောန ဟန္တဗ္ဗော** (သူ့အသက်မသတ်ရ)
၂။ **အဒိန္နံန အာတဗ္ဗံ** (သူတစ်ပါး ဥစ္စာ မခိုးရ)
၃။ **ကာမေသု မိစ္ဆာန စရိတဗ္ဗာ**(ကာမဂုဏ်အမှု၌ မှားယွင်းစွာ မကျင့်ရ)
၄။ **မုသာန ဘဏိတဗ္ဗာ** (မဟုတ်မမှန်သော စကားကိုမပြောရ)
၅။ **မဇ္ဇံန ပါတဗ္ဗံ** (သေရည်အရက် မသောက်ရ)

ဖြစ်ပါသည်။ ယင်း **'ဂရုဓမ္မသီလ'**ကို မင်းနှင့်တကွသော ပြည်သူပြည်သားအားလုံး လိုက်နာစောင့်ထိန်းခဲ့ကြသဖြင့် ကလိင်္ဂတိုင်းပြည်ကြီးတွင် မိုးလေဝသ မှန်ကန်၍ ကောက်ပဲသီးနှံများဖြစ်ထွန်းကာ သာယာဝပြောလာသည်။ ထို **'ဂရုဓမ္မသီလ'**ကို စောင့်ထိန်းကျင့်သုံးမှုသည် မိုးတွင်းအခါဖြစ်ပြီး မိုးလယ်ကာလလောက်၌ ဖြစ်ဖွယ်ရှိသည့်အတွက် မိုးဥတုအလယ် မိုးလယ်ကာလဖြစ်သည့် တော်သလင်းလပြည့်နေ့ကို **'ဂရုဓမ္မအခါတော်နေ့'**ဟူ၍ မြန်မာနိုင်ငံတွင် ပညာရှင်များက သတ်မှတ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ကမ္ဘာလောကရှိ လူသားတိုင်း **'ငါးပါးသီလ'**ကိုယ်စီမြဲကြပါလျှင် ကမ္ဘာလောကကြီးတစ်ခုလုံး ထာဝရငြိမ်းချမ်းနိုင်မည်ဖြစ်၏၊ လူ့လောကတွင် **'ငါးပါးသီလ'** ပျက်စီးသူသည် အသက်ရှင်လျက်ပင်ရှိသော်လည်း သေသူမည်သည်။

ဤလောကတွင် သတ္တဝါတို့၏ ရာဂအစရှိသော အညစ်အကြေးတို့ကို 'သီလ'ဟူသော ရေသည်သာလျှင် စင်ကြယ်သန့်ရှင်း အောင် သုတ်သင်ဆေးလျှော်တတ်၏။ ကောင်းစွာစောင့်ထိန်းအပ်သော၊ ဖြူစင်လှစွာသော၊ စင်စစ်အေးမြ လှသော ဤ 'သီလ' သည်သာလျှင် လောက၌ သတ္တဝါတို့၏ ရာဂအစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်၏။ 'သီလ'နှင့် တူသည့် အခြားသော နတ်ရွာသို့ တက်ရန် စောင်းတန်း၊ လှေကားမည်သည် မရှိ၊ နိဗ္ဗာန် ရွှေမြို့တော်ကြီးသို့ ဝင်ရာ၌လည်း 'သီလ'နှင့် တူသော တံခါးပေါက်မည်သည် မရှိချေ။

အမှိုက်သဖွယ် စွန့်ပစ်အပ်သူဖြစ်ပြီး အပုပ်နံ့ထွက်သော အကောင်နှင့်လည်း တူသည်။ **'ငါးပါးသီလ'**ကို လုံခြုံအောင် စောင့်ထိန်းသည့် ပုဂ္ဂိုလ်များသည် "မမေ့မလျော့ မပေါ့မတန်ခြင်းတည်းဟူသော အကြောင်းကြောင့် ကြီးစွာသော စည်းစိမ်ချမ်းသာကိုရ၏။ ကောင်းသောဂုဏ်သတင်း ကျော်စောခြင်းသည် ပျံ့နှံ့၍တက်၏။ မည်သည့် ပရိသတ်အလယ်သို့မဆို ချဉ်းကပ်အံ့။ ရဲရဲရင့်ရင့် ကြောက်ရွံ့ခြင်းကင်းစွာ ကျက်သရေမင်္ဂလာရှိသော ရွှင်လန်းသောမျက်နှာဖြင့် ချဉ်းကပ်ရ၏။ သေသောအခါ မတွေမဝေ ကြည်ကြည်လင်လင်ဖြင့် မိမိပြုခဲ့၊ ဆည်းပူးခဲ့သော ကောင်းမှုကုသိုလ်တို့ကို ထင်မြင်၍ သေရ၏။ သေသည်မှ နောက်၌ ကောင်းမှုပြုသူတို့ လားရောက်ရာဖြစ်သော သုဂတိဘုံသို့ မချွတ်ကေန် ရောက်ရ၏"ဟူသော အကျိုးငါးပါး ရရှိကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်။

**'ငါးပါးသီလ'**ကို စောင့်ထိန်းခြင်းမြဲ၍ ငယ်ငယ်ရွယ်ရွယ်နှင့် မသေဆုံးရဘဲ သက်တမ်းစေ့နေရပုံကို ငါးရာ့ငါးဆယ် ဒသကနိပါတ်**'ဓမ္မပါလ'**ဇာတ်တော်မှ ကောက်နုတ်ဖော်ပြလိုသည်။ မြတ်စွာဘုရားအလောင်းသည် ဗာရာဏသီပြည်၊ ကာသိတိုင်း**'ဓမ္မပါလရွာ'**၌ လူဖြစ်လာ၍ အမည်အားဖြင့်**'ဓမ္မပါလ'**ဟု ခေါ်တွင်သည်။ အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့ ပညာသင်သွားသည်။ တစ်နေ့သောအခါ ဒိသာပါမောက္ခဆရာကြီး၏ ငယ်ရွယ်သူသားတစ်ယောက် သေဆုံးရာ တပည့်များ၊ မိသားစုနှင့် ဆွေမျိုးများ ယူကျုံးမရ ငိုယိုပူဆွေးကြသော်လည်း **'ဓမ္မပါလ'**လုလင်သည် လုံးဝပူဆွေးငိုယိုခြင်း မရှိဘဲနေ၏။ အများက မေးမြန်းသည့်အခါ "ငါတို့ ဓမ္မပါလတစ်မျိုးလုံး ငါးပါးသီလ စောင့်ထိန်းကြသည့်အတွက် ငယ်ငယ်ရွယ်ရွယ်နှင့် သေရိုးထုံးစံမရှိလို့ ပူဆွေးငိုယိုခြင်းမရှိပါ"ဟု ပြန်လည်ပြောသည်။ ဤအကြောင်းကို ဒိသာပါမောက္ခဆရာကြီးထံ ပြောကြားရာ **'ဓမ္မပါလ'**လုလင်၏ပြောစကား ဟုတ်/မဟုတ် စုံစမ်းရန် အရိုးအချို့ကို အဝတ်ဖြင့်ထုပ်ကာ**'ဓမ္မပါလ'**လုလင်၏ မွေးဇာတိရွာသို့ ထွက်လာသည်။

**'ဓမ္မပါလ'**၏ မိဘဆွေမျိုးများနှင့်တွေ့၍ ဆရာကြီးက မိမိစိတ်မကောင်းစွာဖြင့် **'ဓမ္မပါလ'**သေဆုံးကြောင်း ကိုယ်တိုင် လာရောက်ပြောဆိုခြင်း ဖြစ်သည်ဟုပြောကာ အဝတ်ဖြင့် ထုပ်ယူလာသော အရိုးများကိုပြပြီး "သင်တို့၏သား ဓမ္မပါလရဲ့ အရိုးများဖြစ်ပါတယ်"ဟု ပြော၏။ မိဘဆွေမျိုးများနှင့် ရွာသူရွာသားအားလုံးက မယုံကြည်ကြသည့်အပြင် လက်ခုပ်လက်ဝါးတီးပြီး ပြင်းစွာ ရယ်မောကြသည်။ ဆရာကြီးက မေးသည့်အခါ သူတို့တစ်မျိုးလုံး၊ သူတို့တစ်ရွာလုံး**'ငါးပါးသီလ'**မြဲကြသဖြင့် ငယ်ငယ်ရွယ်ရွယ် သေရိုးထုံးစံ မရှိကြောင်း၊ သက်တမ်းစေ့နေကြရကြောင်း ပြောကြားသည်။ **'ဓမ္မပါလ'**လုလင်၏ ဖခင်က ဆက်လက်၍ သူတို့ဆွေမျိုးများ၊ ရွာသူရွာသားများတွင် မိဘများ တရားစောင့်ကြ၍ သားသမီးများ ကိုယ်ကျင့်တရားကောင်းမွန်ကြကြောင်း၊ ဉာဏ်ပညာထက်မြက်သော သားသမီးများထွန်းကားကြကြောင်း၊ သေရမည်ကို မကြောက်ကြကြောင်းနှင့် သေပြီးသည့်နောက်တွင်လည်း အပါယ်မကျနိုင်ကြောင်းဆိုသည့် အကျိုးဆက်တွေကို ရှင်းလင်းပြောကြားသည့်အတွက် ဒိသာပါမောက္ခ ဆရာကြီးက ကြည်နူးဝမ်းမြောက်စွာ**'သာဓု'**ခေါ်၍ မိမိတိုင်းပြည်သို့ ပြန်လာခဲ့သည်။

မြတ်စွာဘုရားရှင်၏ သာသနာတော်ကြီး၌ အမျိုးကောင်းသား၊သမီးဖြစ်ကုန်သော သူတို့သည် 'သီလ'ကိုကြဉ်ထား၍ ထောက်ရာတည်ရာမည်သည် မရှိချေ၊ 'သီလ'သည်သာလျှင် ဤသာသနာတော်ကြီးတွင် ထောက်ရာတည်ရာအစစ်ဖြစ်၏။ **ဤလောကတွင် သတ္တဝါတို့၏ ရာဂအစရှိသော အညစ်အကြေးတို့ကို 'သီလ'ဟူသော ရေသည်သာလျှင် စင်ကြယ်သန့်ရှင်းအောင် သုတ်သင်ဆေးလျှော်တတ်၏။ ကောင်းစွာစောင့်ထိန်းအပ်သော၊ ဖြူစင်လှစွာသော၊ စင်စစ်အေးမြလှသော ဤ'သီလ'သည်သာလျှင် လောက၌ သတ္တဝါတို့၏ ရာဂအစရှိသော အပူအလောင်ကို အေးငြိမ်းစေနိုင်၏။ 'သီလ'နှင့်တူသည့် အခြားသော နတ်ရွာသို့တက်ရန် စောင်းတန်း၊ လှေကားမည်သည် မရှိ၊ နိဗ္ဗာန် ရွှေမြို့တော်ကြီးသို့ ဝင်ရာ၌လည်း'သီလ'နှင့် တူသော တံခါးပေါက်မည်သည် မရှိချေ။**

သို့ပါ၍ **'ငါးပါးသီလ'**ဟူသော **'ဂရုဓမ္မသီလ'**ကို ခါးဝတ်ပုဆိုးပမာ အမြဲတမ်းဆောက်တည်၊ စောင့်ထိန်းပွားများကြပါရန် နိဗ္ဗာန်အကျိုး မျှော်၍ နှိုးဆော်လိုက်ရပါသည်။ ။



စက်တင်ဘာ ၁၈ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြောက်ဥက္ကလာပမြို့နယ်ရုံးနှင့် အလက(၆)ကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ကုမုဒြာ ကျောင်းစာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဟောပြောပွဲအခမ်းအနားတွင် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးလှဟန်နှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းတို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

## ရထားပို့ဆောင်ရေးဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်ခေါင်းစက်ရုံ၊ လူစီးတွဲနှင့်ကုန်တွဲစက်ရုံစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၆

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၁၈ ရက်တွင် စစ်ကိုင်းတိုင်းရှိ ညောင်ပင်ဝန်း၊ တင်းတိမ်ရန်၊ ရေဦး၊ ခင်ဦးနှင့် ရွှေဘိုဘူတာများသို့ ရောက်ရှိ၍ ဒေသအာဏာပိုင်များ၊ ရပ်မိရပ်ဖများ၊ မြန်မာ့မီးရထားဝန်ထမ်းများအား တွေ့ဆုံပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။**

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၁၉ရက်တွင် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံ၊ မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံတို့၌ စက်ရုံမှူး၊ အရာထမ်းများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဂရုပြုဆောင်ရွက်

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၁ရက်တွင် မြစ်ငယ်လူစီးတွဲနှင့် ကုန်တွဲစက်ရုံ၌ အထက်တန်း လူစီးတွဲခုနစ်တွဲ အစအဆုံး တည်ဆောက်မှုနှင့် အထက်တန်းအိပ်စင်တွဲများကို အကြီးတန်းမွမ်းမံနေမှု အခြေအနေများကိုလည်းကောင်း၊ တွဲဘိုဂီတည်ဆောက်မှုနှင့် ပြုပြင်မွမ်းမံမှုများကို လည်းကောင်း အသေးစိတ် ကြည့်ရှုစစ်ဆေး၍ တွဲတည်ငြိမ်မှုပိုမိုရရှိရေးအတွက် ရှိသင့်ရှိထိုက်သည့် စံချိန်စံညွှန်းများ ကိုက်ညီစေရေး အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရွာထောင် ဒီဇယ်စက်ခေါင်းစက်ရုံသို့ ရောက်ရှိပြီး ပုံမှန်လုပ်ငန်းများ လုပ်ဆောင်မှုအခြေအနေ၊ အထူးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေနှင့် တီထွင်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးကာ စက်ရုံမှူး၊ အရာ ထမ်းများ၊ အလုပ်ရုံစုမှူးများနှင့် တွေ့ဆုံ ၍ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် စက်တင်ဘာ ၂၂ရက်တွင် ပြင်ဦးလွင်စက်ခေါင်းရုံ၌ စက်ခေါင်းမောင်းများ၊ စက်ခေါင်းပြင်၊ တွဲပြင်ဝန်ထမ်းများအား တွေ့ဆုံ၍ မိုးတွင်းကာလ အန္တရာယ်မရှိစေရေးအတွက် မိမိတို့တာဝန်အလိုက် ဆောင်ရွက်ရန်များကိုဆွေးနွေးကာ ရထားလုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနစုံပူးပေါင်း၍ ညှိညှိနှိုင်းနှိုင်း ပေါင်းစည်း ဆောင်ရွက်ရေး၊ စက်ခေါင်းနှင့်တွဲများ မပျက်စီးသင့်သည်များ မပျက်စီးစေရန် ကြိုတင်စစ်ဆေးပြင်ဆင်ရေးကို ဆွေးနွေးပြီး လိုအပ်သည်များ စီမံပေးသည်။

### မန္တလေးစက်မှုဇုန်

မွန်းလွဲပိုင်းတွင် မန္တလေးစက်မှုဇုန်ရှိ မော်တာနှင့်ဒိုင်နမိုများ ထုတ်လုပ်နေသည့် ရွှေခြင်္သေ့သံရည်ကျိုနှင့် စက်မှုလုပ်ငန်း၊ သံနန်းဆွဲလုပ်ငန်းများကို ဆောင်ရွက်နေသည့် မြန်မာစီနီ သံရည်ကျိုနှင့် သံနန်းဆွဲလုပ်ငန်းတို့၏ ကုန်ထုတ်လုပ်မှုအခြေအနေ၊ ကုန်ကြမ်းရရှိမှုနှင့် ဈေးကွက်အခြေအနေများကို ကြည့်ရှုလေ့လာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

* သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
* သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
* ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
* ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**

### ဖဲကြိုးဖြတ်ဖွင့်

**စက်တင်ဘာ ၂၃ရက်က စမ်းချောင်းမြို့နယ် ရှင်စောပုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့်ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းဝင်းဌေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးအား ပို့ဆောင်နှုတ်ဆက်

ရန်ကုန် စက်တင်ဘာ ၂၆

**အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော်အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး Lieutenant General, JS Varma PVSM, AVSM, ADC နှင့် ဇနီး Mrs.Meera Varma တို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ပြီးနောက် ယမန်နေ့ည ၇နာရီ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။**

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေး၊ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ် အောင်ကြည်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်ချုပ်ထင်အောင်ကျော်၊ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်မှူးချုပ်ခင်အောင်နှင့်၎င်းတို့၏ဇနီးများ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Jasvinder Singh Chopra နှင့် ဇနီးတို့က ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# ကိုးပါးသီလတရား ဟောကြားချီးမြှင့်မည်

**ရန်ကုန် စက်တင်ဘာ ၂၆**

၁၃၆၆ခုနှစ် တော်သလင်းလပြည့်နေ့ (စက်တင်ဘာ ၂၈ရက်) အင်္ဂါနေ့တွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသက နဝင်္ဂဥပေါသထ ကိုးပါးသီလ တရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတိ–အနာ ပြန်ဆွနေသည်

*** သူတို့ပေးသွား၊ အနာများကို**
**ဆေးဝါးတိုင်းရင်း၊ တို့ပြည်တွင်းမှာ**
**ဖော်စပ်ကာဖြင့်၊ ရုပ်နာစိတ်နာ**
**အရာရာကို၊ ချင့်ကာချိန်ကာ**
**သေချာကုသ၊ ပြုလာကြ၍**
**မြန်မာ့ရုပ်ရည်၊ ပြန်၍ပီခဲ့**
**အားစည်ဖို့သာ၊ ကျန်ပါတော့၏။**

*** အားစည်ရန်တွက်၊ စီမံချက်ဖြင့်**
**ဆက်လက်အားစိုက်၊ ပြုနေခိုက်တွင်**
**ရှေးယခင်ခါ၊ အနာပေးသူ**
**အပေါင်းလူတို့၊ သွင်မှုမြန်မာ**
**ပြန်ပီလာမှု၊ ရှိလာမှုကို**
**မရှုချင်စိတ်၊ ယိုကာဖိတ်ပြီး**
**အတိတ်ပုံသွင်၊ ပြန်မြင်ချင်၍**
**တမင်တကာ၊ အနာပြန်ဆွ**
**လုပ်နေကြ၏။**

*** ထားကြသတိ၊ အမြဲရှိမှ**
**သူ၏ကျော့ကွင်း၊ ရှင်းလင်းမြင်သာ**
**တွေ့နိုင်ပါလိမ့်။**

*** ရှောင်ကာကွင်းကာ၊ ဘယာကင်းကင်း**
**ညီနောင်ရင်းတို့၊ လက်ချင်းယှက်ကာ**
**ရည်မှန်းရာသို့**
**သေချာအရောက်ချီတက်စို့။ ။**

**မိုး၁၀**

# နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၉)ဖြန့်ချီ



**ရန်ကုန် စက်တင်ဘာ ၂၆**

နိုင်ငံတကာသတင်းဂျာနယ်အမှတ်(၄၆၉)ကို ယနေ့(တနင်္လာနေ့)တွင် ဖြန့်ချိလိုက်သည်။

**(အပေါ်ပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် လူသားမျိုးနွယ်၏ အိမ်ဂေဟာ (သို့မဟုတ်)ကုလသမဂ္ဂ၊ ဂျွန်ကယ်ရီကို ထောက်ခံသော ဥရောပတိုက်သားများ၊ ဗဟိုစစ်ကော်မရှင်ဥက္ကဋ္ဌ ဟူကျင်တောင်၊ ကိုရီးယား သမ္မတနိုင်ငံအကြောင်းသိကောင်းစရာ၊ ကာရစ်ဘီယန်မှ စတုတ္ထမုန်တိုင်း၊ ကမ္ဘာ့အိမ်ခြံမြေဈေးကွက်၊ ဗြိတိန်ဓားစာခံလွတ်ရေး အလားအလာ၊ ကမ္ဘာ့သဘော်သားဈေးကွက်၊ မြေအောက်ရထားစီးခရီးသည်များအတွက်အခမဲ့သတင်းစာ၊ နီပေါပြည်တွင်းစစ် အဆုံးသတ်လိုသည့် ပြည်သူများ၊ ကုလသမဂ္ဂအထွေထွေညီလာခံသတင်းများ၊ ဖိလစ်ပိုင်–ဥရောပကုန်သွယ်ရေး၊ နိုင်ငံတကာဟာသ၊ သီရိလင်္ကာ–အိန္ဒိယကာကွယ်ရေး ပူးပေါင်းရေး၊ ဆက်ဆံရေးတိုးတက်လာသော စင်ကာပူနှင့်မလေးရှား၊ အာရှ၌ အက်ဖ်ဒီအိုင် အများဆုံးရရှိသည့်အိန္ဒိယ၊ အီရန်စွမ်းအင်အစီအစဉ်၊ ဗြိတိန်သို့နှင်ထုတ်ခံရသည့် အမေရိကန် ပေါ့ပ်အဆိုတော်ဟောင်း၊ ဆီးရီးယားတပ်များ လက်ဘနွန်မှ စတင်ရုပ်သိမ်း၊ ကမ္ဘာ့ဘီယာဈေးကွက်၊ ပြောင်းလဲလာမည့် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုမြေပုံ၊ ဇာကာဝီနှင့်ဆုငွေဒေါ်လာ ၂၅သန်း၊ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးရမည့် အီရတ်ရဲတပ်ဖွဲ့စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့

**INTERNATIONAL DAY OF OLDER PERSONS**

**1st OCTOBER 2004**

**"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"**

**" TOWARDS A SOCIETY FOR ALL AGES"**

# မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ရက် (အဖိတ်နေ့)**
**၂၇–၉–၂၀၀၄ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း) "သတ္တာသတ္တာဟ စံနေတော်မူခန်း" (ကုန္ဒာဆွေရေးသားပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်။) |
| ၈း၀၀ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈း၁၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ |
| ၈း၂၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၃၀ | ၈။ | International News |
| ၈း၄၅ | ၉။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၂၀ | ၃။ | ရန်ကုန်တိုင်းအမှတ်(၃)အခြေခံပညာဦးစီးဌာန ပဥ္စမအကြိမ် ခမ္မစကြာဝတ်ရွတ်ပြိုင်ပွဲ(ပထမဆု) အထက–၁၊လသာ (အမျိုးသားဝတ်ရွတ်အဖွဲ့) |
| ၁၆း၅၀ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ) |
| ၁၇း၀၅ | ၅။ | အကပဒေသာ |
| ၁၇း၂၀ | ၆။ | ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ဓမ္မပူဇာတေး(အခြေခံပညာ၁၀–၁၅နှစ်) (အမျိုးသမီး) |
| ၁၇း၂၅ | ၇။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ အဆိုအကများ |
| ၁၇း၃၅ | ၈။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၇း၅၀ | ၉။ | စက်မှုစွမ်းအား ခေတ်ကျော်လွှား |
| ၁၈း၀၀ | ၁၀။ | Discovery. |
| ၁၈း၁၀ | ၁၁။ | နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"**(အပိုင်း–၂၇) |
| ၁၈း၃၀ | ၁၂။ | ညနေခင်းသတင်း |
| ၁၉း၀၀ | ၁၃။ | မိုးလေဝသအခြေအနေ |
| ၁၉း၀၅ | ၁၄။ | ကျား–ကျားမီးယပ်ရုပ်တန်းကရုပ်ဆွေးနွေးခန်း(အပိုင်း–၁) |
| ၁၉း၂၀ | ၁၅။ | ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆွေးနွေးခန်း(ရုပ်သေးပြိုင်ပွဲ) |
| ၁၉း၄၀ | ၁၆။ | လှည့်လည်ပူဇော် ပေါင်းတည်မြတ်စွယ်တော် |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"တစ်ရံရောအခါ"** (အပိုင်း–၂၅) |



စက်တင်ဘာ ၁၃ ရက်က လမ်းမတော်မြို့နယ် အမှတ်(၉)ရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲအခမ်းအနားကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဌေးလင်းက ပေးအပ်စဉ်။ (က–ပ)

# သတိ

၁။ ဖြောက်အိုးဖောက်ခြင်းဖြင့် ပြည်သူအများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုးဖောက်ခြင်းကို တားမြစ်သည်။

၂။ တားမြစ်ချက်အား ဖောက်ဖျက်ပါက–

(က) ဖြောက်အိုးဖောက်လျှင် ထောင်ဒဏ် (၃)နှစ်။

(ခ) ဖြောက်အိုးရောင်းလျှင်၊ ဖြောက်အိုးထုတ်လုပ်လျှင် ထောင်ဒဏ်(၅)နှစ်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။

* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။

* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။

* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။

* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။

# တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာရမည် အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်ရေး ပြုစုပျိုးထောင်အားပေးနေ

ရန်ကုန် စက်တင်ဘာ ၂၆

နိုင်ငံတော်သည် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှုအားကို ရယူကာ ဈေးကွက်စီးပွားရေးစနစ် ပီပြင်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုများနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဘဝ၌** လယ်ယာလုပ်ငန်းရှင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ကုန်သွယ်မှုလုပ်ငန်းရှင်များ၊ ဝန်ဆောင်မှုလုပ်ငန်းရှင်များ၊ စသည်ဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်များ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာအောင် အဘက်ဘက်မှ ပြုစုပျိုးထောင်အားပေး နေသည်။

မြန်မာနိုင်ငံ၏ စီးပွားရေးအခြေခိုင်မာပြီး အင်အားရှိရေးအတွက် ပို့ကုန်ပမာဏတိုးမြှင့်ရေးကို အလေးပေးလုပ်ဆောင်ရာ၌ စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများ ပိုလျှံစွာထွက်ရှိရေး အားပေးမြှင့်တင်လျက်ရှိသည်။

လောလောဆယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးမှုအခြေအနေအရ စားသုံးဆီဖူလုံမှု မရှိသေးသဖြင့် ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရသည်။ ထို့ကြောင့် နိုင်ငံတော်၏ စီမံအားပေးမှုဖြင့် ရေမြေအခြေအနေပေးသည့် **တနင်္သာရီတိုင်း၌ ဆီအုန်းဧက ငါးသိန်း စိုက်ပျိုးပြီး ပြည်တွင်းစားသုံးဆီဖူလုံရေး၊ ထိုမှတစ်ဆင့် ပိုလျှံသည်များကို ပြည်ပတင်ပို့ရေးအတွက် ၁၉၉၉ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ငွေကြေးအရင်းအနှီး** တတ်နိုင်သည့် လုပ်ငန်းရှင်များကို မြေယာများ အခမဲ့ချပေးပြီး လိုအပ်သည်များကို ကူညီအားပေးနေသည်။

**ဆီအုန်းစိုက်ပျိုးမှုသည် စိုက်ပျိုးသူကိုရော တိုင်းပြည်ကိုပါ ရေရှည်အကျိုးအမြတ် ဖြစ်ထွန်းစေသည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ရာ လက်ရှိကုမ္ပဏီများ၊ ဒေသခံပြည်သူများ၊ တပ်ရင်းတပ်ဖွဲ့များ၏ စိုက်ပျိုးမှုများအရ ဆီအုန်းဧက တစ်သိန်းကျော် ပေါ်ထွက်နေပြီဖြစ်သည်။**

**နောက်ထပ်ရင်းနှီးမြှုပ်နှံမည့် ဆီအုန်းလုပ်ငန်းရှင်အသစ်များကလည်း စိုက်ပျိုးရန်မြေနေရာများ ရယူဆောင်ရွက်နေပြီဖြစ်ရာ နောင်မကြာမီနှစ်များအတွင်း တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီး ဖြစ်လာတော့မည်ဖြစ်သည်။**

**ကော့သောင်းခရိုင်တွင် ယခုနှစ်၌ ဆီအုန်း၁၆၃၃၆ဧက စိုက်ပျိုးရန်လျာထားခဲ့ရာ ယခုအထိ ၁၆၃၂၈ဧက စိုက်ပျိုးပြီးဖြစ်သည်။ ကုမ္ပဏီခုနစ်ခုက ၈၇၅၆၄ဧကနှင့် နိုင်ငံပိုင် ၇၉၃၈ဧက စိုက်ပျိုးပြီးဖြစ်သကဲ့သို့ ဆက်လက်၍ ဧက ၃၆၅၀၀ စိုက်ပျိုးရန်လျာထားချက်အတွက် ကုမ္ပဏီများက ပျိုးပင်၂၇၆၈၀၀၀ ပျိုးထောင်ထားသည်။**

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် VES Group ကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ကော့သောင်း–ဘုတ်ပြင်းလမ်း အရှည် ၁၄၂ မိုင်ခွဲအနက် ၄၇မိုင်ကျော်ကို နိုင်လွန်ကတ္တရာခင်းပြီးဖြစ်သကဲ့သို့ တည်ဆောက်ရမည့် ကွန်ကရစ်တံတား အစင်း ၅၀အနက် တံတား၃၃စင်း တည်ဆောက်ပြီးဖြစ်သည်။**

**"တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ကော့သောင်း–ဘုတ်ပြင်း ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲယာတစ်လျှောက်တွင် အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်းများနှင့်အတူ ရော်ဘာစိုက်ခင်းများကိုပါ စိမ်းလန်းစိုပြည်စွာ အားတက်ဖွယ်တွေ့မြင်နေရပြီဖြစ်သည်။**

**(သတင်းစဉ်)**



**"နိုင်ငံတော်မှာ အဓိက လိုအပ်နေတဲ့ စားသုံးဆီဖူလုံရေးအတွက် ဆီအုန်းစိုက်ပျိုးပြီး ကြိုးပမ်းတာပါ။"**
**(ယုဇန ဦးဌေးမြင့်)**

## ● ကျောဖုံးမှ

လောလောဆယ် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် မြန်မာနိုင်ငံ၌ စားသုံးဆီအတွက် ဖူလုံမှုမရှိသေးသဖြင့် ပြည်ပမှစားသုံးဆီများ မှာယူတင်သွင်းနေရသည်။ ထို့ကြောင့် နိုင်ငံတော်က စီမံအားပေးမှုဖြင့် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကို မြှင့်တင်ပြီး နိုင်ငံသားအားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို အဘက်ဘက်မှ မျက်ခြည်ပြတ်မခံဘဲ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြုစုပျိုးထောင်အားပေးလျက်ရှိသည်။

ယင်းသို့ အားပေးဆောင်ရွက်မှုများအနက် ရေမြေရာသီဥတုအခြေအနေပေးသည့် တနင်္သာရီတိုင်းတွင် စိုက်ပျိုးရေး လုပ်ကွက်ကြီးများ ဖော်ထုတ်စေပြီး တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများကို ၁၉၉၉ ခုနှစ်မှစ၍ စိုက်ပျိုးထုတ်လုပ်စေခဲ့ရာ ယခုအခါဆီအုန်းဧကတစ်သိန်းကျော် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။

### စီမံချက်ချမှတ်

တနင်္သာရီတိုင်းသည် ဆီအုန်းစိုက်ပျိုးရေးအတွက် အခြေအနေပေးသည့် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့်အတွက် ဆီအုန်းဧက ငါးသိန်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်စေပြီးပြည်တွင်းစားသုံးဆီဖူလုံစေရေး၊ ထိုမှတစ်ဆင့် ပိုလျှံမှုများကို ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်သော တိုင်းရင်းသားလုပ်ငန်းရှင်များအနက် ယုဇနကုမ္ပဏီလီမိတက်သည် တစ်တိုင်းလုံး၏ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှု ၆၀ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

### လုပ်သားအင်အားလိုအပ်

"တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ဆီအိုးကြီးဖြစ်စေရမည်"ဟူသော နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်ရန် ယုဇန ကုမ္ပဏီလီမိတက်သည် ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုများကို တိုးချဲ့လုပ်ကိုင်လျက်ရှိရာ လုပ်သားအင်အားများကိုလည်း တိုးချဲ့ရမည်ဖြစ်၍ ယခုအခါ လုပ်သားအင်အား၅၀၀၀ကျော် လိုအပ်လျက်ရှိသည်။



**"အလုပ်သမားတွေကိုအိမ်ရာအခမဲ့၊ ဆေးကုသမှုအခမဲ့ စီစဉ်ပေးပြီး စားသောက်မှုအတွက် အပိုငွေထပ်ဆောင်းပေးပါတယ်။"**
**ဒေါ်ခင်ဆွေသစ်**
**(ယုဇန ဆီအုန်းစီမံကိန်း အထွေထွေမန်နေဂျာ)**

လိုအပ်သော လုပ်သားအင်အားတိုးချဲ့နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနတို့ကလည်း လိုအပ်နေသော လုပ်သားအင်အားရရှိရေးကို ပံ့ပိုးဖြည့်ဆည်းပေးကြမည်ဖြစ်သည်။ ယခုကဲ့သို့ ဝန်ကြီးဌာနများက ပံ့ပိုးကူညီမှုပေးခြင်းမှာ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ဆောင်ရွက်ပေးခြင်းဖြစ်ပြီး နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်စေရေးတို့အတွက် အထောက်အကူပြုခြင်းဖြစ်သည်။

တနင်္သာရီတိုင်း ဆီအုန်းစီမံကိန်း၏ ယုဇနဆီအုန်းစိုက်ပျိုးရေးခြံမှာ ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်တွင်ရှိပြီး ကော့သောင်းမြို့မှ ၃၈မိုင်အကွာတွင် တည်ရှိသည်။

### ရှင်းလင်းပြောကြား

ယုဇနဆီအုန်း စိုက်ပျိုးရေးခြံအမှတ်(၁)သည် ခမောက်ကြီးမြို့နယ် ကော့သောင်း–ဘုတ်ပြင်းလမ်းမကြီးဘေးဝဲယာတစ်လျှောက်မိုင်တိုင်အမှတ် ၁၂မှ မိုင်တိုင်အမှတ် ၅၀အတွင်းရှိပြီး ခြံအမှတ်(၂)မှာ ဘုတ်ပြင်းမြို့နယ် မိုင်တိုင်အမှတ် ၁၂၆မှ မိုင်တိုင်အမှတ် ၁၅၆ အတွင်းရှိကြောင်း၊ ခြံအမှတ်(၁) ခမောက်ကြီးမြို့နယ်တွင် ဇုန်ခြောက်ခုသတ်မှတ်ထားပြီး ခြံ အမှတ်(၂) ဘုတ်ပြင်းမြို့နယ်တွင် ဇုန် နှစ်ခုသတ်မှတ်ထားကြောင်း၊ ပြည်သူ လူထုအဓိက လိုအပ်ချက်ဖြစ်သော စားသုံးဆီ ထုတ်လုပ်နိုင်ရေးအတွက် မိမိတို့ယုဇနကုမ္ပဏီလီမိတက်သည် အဏ္ဏဝါထွန်းကုမ္ပဏီနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယုဇနကုမ္ပဏီလီမိတက် ဥက္ကဋ္ဌဦးဌေးမြင့်က ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယုဇန ဦးဌေးမြင့်က ပြောကြားရာတွင် အလုပ်လုပ်ချင် စိတ်ရှိသူ၊ အလုပ်လုပ်နိုင်သူမည်သူ မဆို ကျား/မ မရွေး၊ လူမျိုးဘာသာမရွေး မိမိတို့ဆီအုန်းခြံတွင် လာရောက် လုပ်ကိုင်နိုင်ပါကြောင်း၊ ဆီအုန်းပင်သည် နှစ်ရှည်ပင်ဖြစ်၍ ရေရှည်လုပ် ကိုင်ရမည့်လုပ်ငန်းလည်းဖြစ်ကြောင်း၊ သားစဉ်မြေးဆက် စဉ်ဆက်မပြတ် လုပ်ကိုင်နိုင်သည့် လုပ်ငန်းဖြစ်၍ နောင်ရေးအတွက် ပူပင်စရာမရှိပါကြောင်း။

### ပံ့ပိုးကူညီ

ယုဇနဆီအုန်းစိုက်ပျိုးရေးခြံတွင် လုပ်သားများအတွက် နေစရာအိမ်ခန်းကို အခမဲ့စီစဉ်ပေးထားကြောင်း၊ လူလွတ်အမျိုးသား၊ အမျိုးသမီးများအတွက် သီးသန့် အဆောင်များကိုလည်း စီစဉ်သတ်မှတ် ပေးထားပါကြောင်း၊ လုပ်သားအိမ်ထောင်သည်များအနေဖြင့် မိသားစုများကိုပါ ခေါ်လာနိုင်ပြီး မိသားစုဝင် သားသမီးများအတွက် ပညာသင်ကြားရေးကိုပါ အဘက်ဘက်က ပံ့ပိုးကူညီတာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမြဲတမ်းဝန်ထမ်းများ၊ ဆီအုန်းခြံလုပ်သားများနှင့် မိသားစုဝင်များ၏ ကျန်းမာရေးအတွက် ပင်မဆေးကုဆောင်နှင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များကိုထားရှိပြီး အခမဲ့ဆေးဝါးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝင်ရောက် လုပ်ကိုင်လိုသူများအနေဖြင့် နှစ်နှစ်ကန်ထရိုက်စာချုပ်ချုပ်ဆိုရပါကြောင်း၊ နှစ်နှစ်ပြည့်အောင်လုပ်ကိုင်သော လုပ်သားများအတွက် ဆုကြေးငွေကျပ်သုံးသောင်းချီးမြှင့်ပြီး အပြန်ခရီးစရိတ်များကိုပါ ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးကြောင်း၊ ဆက်လက်လုပ်ကိုင်လိုသူများကိုလည်း အရည်အချင်းအလိုက် ရာထူးတာဝန်များ တိုးမြှင့်သတ်မှတ်ပေးပြီး ရာသက်ပန်နေထိုင်လုပ်ကိုင်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

### အပိုကြေးထုတ်ပေးထား

ထို့နောက် ယုဇနဆီအုန်းစိုက်ပျိုးရေးအဖွဲ့မှ အထွေထွေမန်နေဂျာ ဒေါ်ခင်ဆွေသစ်က ယုဇနဆီအုန်းခြံ စီမံခန့်ခွဲမှုအခြေအနေများကို ရှင်းလင်းပြောကြားရာတွင် ခြံလုပ်ငန်းနှင့်ပတ်သက်၍ စိုက်ပျိုးရေးဘွဲ့နှင့်ဒီပလိုမာရများအပါအဝင်တက္ကသိုလ်ဘွဲ့ရများကို လိုအပ်သလို ခန့်ထားပြီး တာဝန်များခွဲဝေပေးကြောင်း၊ စိုက်ပျိုးရေးဘွဲ့မရသော်လည်း ဆီအုန်းစိုက်ပျိုးမှုကို စိတ်ဝင်စားသော ပညာတတ်များကိုလည်းလက်ခံပြီး သင်တန်းများပေးကာ ဆောင်ရွက်စေခဲ့ကြောင်း၊ အမြဲတမ်းဝန်ထမ်းများအနေဖြင့် မူရင်းလစာကျပ် ငါးသောင်းမှ တစ်သိန်း

**စာမျက်နှာ ၁၃ ကော်လံ ၁**



**ယုဇနဆီအုန်းခြံ၏ ဝန်ထမ်းအိမ်ရာကို သပ်ရပ်လှပစွာ ဤသို့တွေ့ရသည်။ (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)**

**ဆီအုန်းပင်စိုက်ခင်းကို ဤသို့တစ်မျှော်တစ်ခေါ် တွေ့ရသည်။ (ဓာတ်ပုံ–သောင်းဝင်းဗိုလ်)**



**စာမျက်နှာ ၁၂မှ**

ကျော်အထိ လစာများ သတ်မှတ်ပေးထားကြောင်း၊ နေထိုင်မှုအတွက် ကုမ္ပဏီမှ လုပ်သားအိမ်ရာ၊ ဝန်ထမ်းအိမ်ရာ၊ အရာရှိအိမ်ရာများဆောက်လုပ်ပြီး နေထိုင်မှုကို အခမဲ့စီစဉ်ပေးကာ စားသောက်မှုအတွက်လည်း လစာအပြင် အပိုကြေး တစ်သောင်း ထပ်မံထုတ်ပေးထားကြောင်း။

အမြဲတမ်း ဝန်ထမ်းများနှင့် လုပ်သားများအတွက် သားငါးအသီးအနှံ အရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်၊ မီးဖိုချောင်သုံး ကုန်ပစ္စည်းအရောင်းဆိုင်နှင့် သက်သာချောင်ချိရေး အရောင်းဆိုင်များ ဖွင့်လှစ်ပေးထားကြောင်း၊ လုပ်သားများကို နေ့စားနှင့် ပုတ်ပြတ် သတ်မှတ်ပေးထားပြီး ၁၅ရက်တစ်ကြိမ် လုပ်ခရှင်းပေးကြောင်း၊ လုပ်သားများ၏ တစ်ရက်အတွက်လုပ်ခမှာ တစ်ဦးလျှင် ကျပ်တစ်ထောင် ဖြစ်ကြောင်း၊ လုပ်သားများ၏ လုပ်ငန်းခွင်ဝင်ချိန်မှာ နံနက် ၇နာရီမှ ၁၁နာရီ၊ မွန်းလွဲ ၁နာရီမှ ညနေ ၅နာရီဖြစ်ပြီး အလုပ်ချိန် ရှစ်နာရီတာဝန်ပေးထားကြောင်း ရှင်းလင်းပြောကြားသည်။

**တစ်နှစ်ပတ်လုံးအလုပ်ရှိ**

ယုဇနဆီအုန်းစိုက်ပျိုးရေးအဖွဲ့၏ စိုက်ပျိုးရေးပညာရှင် ယုဇနကုမ္ပဏီလီမိတက်ဒါရိုက်တာအဖွဲ့ဝင် ဦးတိတ်ကြည်က ဆီအုန်းစိုက်ပျိုးမှုအတွက် နိုင်ငံခြားမျိုးကို စနစ်တကျ စိုက်ပျိုးထားကြောင်း၊ ဆီအုန်းမျိုးစေ့ အပင်ဖောက်ပြီး ပျိုးပင်ကို တစ်နှစ်ကြာ ပြုစုပျိုးထောင်ရကြောင်း၊ လေးနှစ်သားရောက်မှ ဆီသီးသီးပြီး စတင်ခူးဆွတ်နိုင်ကြောင်း၊ ဆီအုန်းမှာ ရာသီအလိုက် စောင့်စရာမလိုဘဲ တစ်နှစ်ပတ်လုံးသီးသည့် အမျိုးအစားဖြစ်၍ တစ်နှစ်ပတ်လုံး အလုပ်ရှိကြောင်း။

ဆီသီးမှာအပင်သက် အနှစ် ၃၀၊ ၃၅နှစ်အထိ အထွက်ကောင်းသော နှစ်ရှည်ပင်ဖြစ်ပြီး မလေးရှားနိုင်ငံဆိုလျှင် ဆီအုန်းဖြင့် စီးပွားဖြစ်လျက်ရှိကြောင်း၊ မိမိတို့ တိုးချဲ့စိုက်ပျိုးထုတ်လုပ်မှုအရ သုံးလေးနှစ်အတွင်းမှာပင် တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာနိုင်ကြောင်း၊ ဆီအုန်းမှထွက်သော ဆီသီး၏အပေါ်ခွံမှ စားသုံးဆီထွက်ကြောင်း၊ ဆီသီးအစေ့မှ ထွက်သော အဆီမှာလည်း အလှကုန်လုပ်ငန်း၊ ဆပ်ပြာချက်လုပ်ငန်း၊ သုတ်ဆေးလုပ်ငန်းများတွင် သုံးနိုင်ကြောင်း။

ဆီသီးခွံမှ ၈၀ရာခိုင်နှုန်း ဆီထွက်ပြီး ဆီသီးအစေ့မှ ၅ရာခိုင်နှုန်းဆီထွက်ကြောင်း၊ ရှေးဦးစွာ ဆီကြိမ်းအဖြစ်ကြိတ်ခွဲရပြီး ဆီကြိမ်းရရှိမှသာ အနံ့နှင့် အရောင်ချွတ်ခြင်း၊ အနှစ်များကို ဖယ်ရှားခြင်းဖြင့် စားသုံးဆီရရှိကြောင်း၊ ယုဇနကုမ္ပဏီက တည်ဆောက်နေသော ဆီကြိမ်းစက်ရုံမှာ ၂၀၀၅ခုနှစ် မတ်လကုန်ခန့်တွင် စတင်လည်ပတ်နိုင်တော့မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။



**"ဆီအုန်းဆိုတာ နှစ် ၃၀ ကျော်တဲ့အထိ ဆီသီးတွေသီးလို့ ရေရှည်အကျိုးရှိပါတယ်။"**
**ဦးတိတ်ကြည်**
**(စိုက်ပျိုးရေးပညာရှင်)**

**အခြေချလုပ်ကိုင်**

ထို့နောက် မကွေးတိုင်း စစ်ကိုင်းပင်ကျေးရွာမှ လာရောက်လုပ်ကိုင်နေသော အသက်(၃၂)နှစ်ရှိ ခြံလုပ်သားကိုဖြူသီးက မိမိလုပ်ငန်းခွင်ဝင်ရောက်ခဲ့သည်မှာ တစ်နှစ်နှင့်လေးလရှိပြီဖြစ်ကြောင်း၊ မိမိ၏မိသားစုနှင့်အတူလာရောက်လုပ်ကိုင်နေခြင်းဖြစ်ပြီး အခွင့်အရေးအပြည့်အဝရရှိကြောင်း၊ သားသမီးများ၏ ပညာရေး၊ မိသားစု၏ ကျန်းမာရေး ပူပင်စရာမရှိအောင် ပံ့ပိုးဖြည့်ဆည်းပေးထားသဖြင့် မိမိတို့မိသားစုမှာ ရာသက်ပန်အခြေချနေထိုင်လုပ်ကိုင်သွားရန်ဆုံးဖြတ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ယုဇနဆီအုန်း စိုက်ပျိုးရေးခြံသို့ သွားရာ လမ်းတစ်လျှောက် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာတွင် စိမ်းစိမ်းစိုစိုနှင့် စိုက်ပျိုးထားသော ဆီအုန်းပင်များ၏မြင်ကွင်းမှာ ရင်ကိုအေးမြသွားစေ၏။ ထို့အတူ ကော့သောင်းမြို့မှ ၃၈မိုင်အကွာတွင်ရှိသော ယုဇနဆီအုန်းခြံ၏ခေတ်မီအဆောက်အအုံများကလည်း ခြံလုပ်သားများ၏ နေထိုင်ရမှု အခြေအနေများကို ဖော်ညွှန်းနေ၏။ လုပ်သားအိမ်ရာ၊ ဝန်ထမ်းအိမ်ရာ၊ အရာရှိအိမ်ရာ၊ ရုံးအဆောက်အအုံ၊ သက်သာချောင်ချိရေးဆိုင်၊ စာသင်ကျောင်း၊ ဆေးရုံ၊ ရုပ်ရှင်ရုံနှင့် ဝန်ထမ်းစားသောက်ဆိုင်၊ အရောင်းဆိုင်များနှင့် စနစ်တကျဖွဲ့စည်းထားမှုကလည်း စိုက်ပျိုးရေးအခြေခံ စက်မှုမြို့ကလေး တစ်မြို့အဖြစ် နေချင့်စဖွယ် တင့်တယ်လှပနေသော မြင်ကွင်းကလည်း မြင်ရသူတို့၏ စိတ်နှလုံးကို ချမ်းမြေ့သာယာမှုပေးစွမ်းနိုင်ပေ၏။

**ဆီအိုးကြီးဖြစ်ရေး**

**ယုဇနဆီအုန်း စိုက်ပျိုးထုတ်လုပ်မှုသည် တနင်္သာရီတိုင်း၏ ဆီအုန်းစီမံကိန်းကို များစွာအထောက်အကူပြုနေပြီဖြစ်ရာ လာမည့်သုံးလေးနှစ်အတွင်း ပြည်ပသွင်းကုန်အစားထိုးစားသုံးဆီများ ပြည်တွင်း၌ ဖူလုံလာမည်သာမက တနင်္သာရီတိုင်းသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာမည်မှာ မဝေးတော့ပြီဖြစ်ကြောင်း အားတက်ဖွယ် မြင်တွေ့ခဲ့ရပါသည်။**

ရှိသားကြိုးစားစွာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ဆောင်လိုသူများအတွက် မိသားစုနှောင်ရေး စိတ်အေးဖွယ်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းလာခြင်းဖြစ်ရာ အခြေအနေပေးသူတိုင်း ဝင်ရောက်လုပ်ကိုင်သင့်ကြောင်း အကြံပြုလိုပါသည်။

ထို့အပြင် ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ရသူ ဝန်ထမ်းနှင့် လုပ်သားများကိုလည်း စီမံကိန်းတည်ရှိရာနေရာ အရောက်ကုမ္ပဏီက ခရီးစရိတ်ကျခံ၍ ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် မိမိတို့နှင့်နီးစပ်ရာ မြို့များရှိ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန မြို့နယ်ရုံးများမှ တစ်ဆင့်လည်း လျှောက်ထားနိုင်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။



**"ရာသက်ပန် နေထိုင်ပြီး အလုပ်လုပ်သွားမယ်လို့ ဆုံးဖြတ်ထားပါတယ်။"**
**ကိုဖြူသီး**
**(ခြံလုပ်သား)**



**ဆီအုန်းပင်မှ ဆီအုန်းသီးများ မခူးမီ ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-သောင်းဝင်းဖိုလ်)**

# ဝန်ထမ်းနှင့်လုပ်သားများအလိုရှိသည်

၁။ တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်ရှိ ယုဇနဆီအုန်းစိုက်ပျိုးရေးစီမံကိန်းအတွက် အောက်ပါဝန်ထမ်းများနှင့် လုပ်သားများအလိုရှိသည်-

| | | | |
|---|---|---|---|
| (က) | ကျန်းမာရေးဝန်ထမ်းများ(ဆရာဝန်၊ လက်ထောက်ကျန်းမာရေးမှူးနှင့်သူနာပြု) | | |
| | (၁) ဆရာဝန် | အမ်ဘီဘီအက်စ် (လစာကောင်းမည်) | (၅)ဦး |
| | (၂) လက်ထောက်ကျန်းမာရေးမှူး/ သူနာပြုဆရာမကြီး | Health Assistant/Green Staff (လစာကောင်းမည်) | (၁၀)ဦး |
| | (၃) သူနာပြု | အထက်တန်းသူနာပြု (Blue Staff°)/ သူနာပြု(Red Staff°) (လစာကောင်းမည်) | (၅)ဦး |
| (ခ) | ဆရာ/ဆရာမ | အခြေခံပညာမူလတန်းကျောင်းအတွက် ဘွဲ့ရ သို့မဟုတ် တက္ကသိုလ်ဝင်တန်းအောင် (လစာကောင်းမည်) | (၆)ဦး |
| (ဂ) | မော်တော်ယာဉ်စက်ပြင်/ ဘော်ဒီ/ဆေးမှုတ် | ကျွမ်းကျင် (လစာကျပ်-၇၀၀၀၀) | (၁၀)ဦး |
| (ဃ) | ယန္တရားစက်ပြင် | ကျွမ်းကျင်မှုအဆင့်ဆင့် (လစာကျပ်-၇၅၀၀၀၊ ၆၀၀၀၀၊၅၀၀၀၀) | (၅)ဦး |
| (င) | ယန္တရားစက်မောင်း | ကျွမ်းကျင် (လစာကျပ်-၆၀၀၀၀နှင့် လုပ်ကွက်အပေါ် ထပ်မံခံစားခွင့်ရှိသည်။) | (၁၀)ဦး |
| (စ) | ယာဉ်မောင်း | ကျွမ်းကျင် (လစာကျပ်-၅၀၀၀၀) | (၁၀)ဦး |
| (ဆ) | စိုက်ပျိုးရေးဝန်ထမ်း | စိုက်ပျိုးရေးဒီပလိုမာ/ဘွဲ့ရ (လစာကောင်းမည်၊ အတွေ့အကြုံရှိသူပိုမိုခံစားခွင့်ရှိမည်။) | (၁၀၀)ဦး |
| (ဇ) | စိုက်ပျိုးရေးလုပ်သား | တောရှင်းခြင်း၊ အပင်စိုက်ပျိုးခြင်း၊ အပင်ထိန်းသိမ်းခြင်းလုပ်ငန်းများလုပ်ကိုင်နိုင်သူ (နေ့စား-တစ်နေ့ကျပ်-၁၀၀၀ နှုန်း) | (၅၀၀၀)ကျော် |

၂။ ဆရာဝန်လျှောက်ထားသူများသည် အသက်(၆၀)ထက်မကြီးရ၊ ကျန်ဝန်ထမ်းနှင့် လုပ်သားလျှောက်ထားသူများသည် အသက် (၄၀)ထက် မကြီးရ။ နေထိုင်မှု အခမဲ့စီစဉ်ပေးမည်ဖြစ်ပြီး ဆေးဝါးကုသမှုစရိတ်ကိုလည်းကုမ္ပဏီက ကျခံပေးမည်။ အလုပ်တာဝန်ခန့်အပ်ခံရသူများသည် ကန်ထရိုက်စာချုပ် နှစ်နှစ်ချုပ်ဆိုရမည်ဖြစ်ပြီး ဆန္ဒရှိပါက ရာသက်ပန်နေထိုင်လုပ်ကိုင်နိုင်ရန် စီမံပေးသွားမည်။

၃။ အပိုဒ်ခွဲ(က)မှ(ဆ)အထိ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုတစ်နှစ်ပြည့်ပါက နားရက်တစ်လကို (လစာအပြည့်ဖြင့်) ခွင့်ပြုမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက နားရက်တစ်လ (လစာအပြည့်) အပြင် ခွင့်ပြန်လိုပါက အသွားအပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၄။ အပိုဒ်ခွဲ(ဇ)မှ စိုက်ပျိုးရေးလုပ်သားများ တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ပါက ဆုငွေကျပ် ၃၀၀၀၀ ချီးမြှင့်ပေးမည်ဖြစ်ပြီး ခွင့်ပြန်လိုပါက အပြန်ခရီးစရိတ်ကို ကုမ္ပဏီက ကျခံပေးမည်။

၅။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်စုံစမ်းလျှောက်ထားနိုင်ပြီး ခန့်အပ်ခြင်းခံရပါက ၎င်းလိပ်စာများတွင် စုရုပ်ထားရှိ၍ လုပ်ငန်းခွင်အရောက် ကုမ္ပဏီက တာဝန်ယူပို့ဆောင်ပေးမည်-

(က) အမှတ် ၁၃၀၊ ရွှေဂုံတိုင်လမ်း၊ ယုဇနစင်တာ(တတိယထပ်)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁- ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇၊ ဖက်စ် ၅၄၀၇၄၁

(ခ) အမှတ် (ယ ၉/၁)၊ ရန်ကုန်-မန္တလေးလမ်းနှင့် မြဝတီမင်းကြီးလမ်းထောင့်၊ ကျွဲဆည်ကန်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၈၀၈၆၅

(ဂ) ယုဇနဟိုင်းဝေးလီမိတက်၊ ရန်ကုန်-မန္တလေး ပြည်ထောင်စု လမ်းမကြီး စီမံကိန်း၊ ပျော်ဘွယ်-မိတ္ထီလာလမ်းတည်ဆောက်ရေး စီမံကိန်းရုံး၊ ပျော်ဘွယ်မြို့၊ ဖုန်း-၀၆၄- ၂၂၁၉၉

(ဃ) ဧရာဝတီရေလုပ်ငန်းလီမိတက်၊ အမှတ်(၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ ရန်ကင်းတောင်စက်မှုဇုန်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း၊ ဖုန်း-၀၄၂-၂၅၀၂၁၊၂၅၀၂၂၊၂၅၀၂၃၊၂၄၉၁၂

(င) အမှတ် ၁၂၅၊ ဗိုလ်ချုပ်လမ်း၊ဆိတ်ငယ်ရပ်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း၊ ဖုန်း-၀၅၉-၄၁၁၇၆၊ ၄၁၂၄၇

(စ) အမှတ် ၄၇၀၊ ကြံ့ခိုင်ရေးလမ်း၊ အဏ္ဏဝါရပ်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း၊ ဖုန်း-၀၅၉- ၅၁၂၀၉

၆။ ထို့အပြင် ပျဉ်းမနား၊ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံ၊ ရေစကြို၊ ချောင်းဦး၊ ပခုက္ကူ၊ မုံရွာ၊ ဘုတလင်၊ ရွှေဘို၊ ရေဦး၊ ခင်ဦး၊ ဆားလင်းကြီး၊ ထီးလင်း၊ ပေါက်၊ မြိုင်၊ ဂန့်ဂေါ၊ ဆော၊ ရေနံချောင်း၊ ချောက်၊ ကျောက်ပန်းတောင်း၊ စလေ၊ စလင်း၊ ပွင့်ဖြူ၊ မင်းဘူး၊ မင်းလှနှင့် အခြားမြို့များရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန မြို့နယ်ရုံးများ၌လည်း လျှောက်ထားနိုင်သည်။

## ပန္နက်တင်

စက်တင်ဘာ ၁၇ရက်က ကျောက်ဆည်မြို့နယ် နောင်ခမ်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင် ဆောက်လုပ်ရန် အလှူငွေကျပ် သိန်း ၁၃၀ ပေးအပ်လှူဒါန်းပွဲနှင့် ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းနှင့် အလှူရှင်တို့က ပန္နက်တင် ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)



## မိတ္ထီလာမြို့နယ် မျိုးမြန်မာ စာကြည့်တိုက်ဖွင့် ဖွင့်လှစ်ရခြင်းရှင်းလင်း၊ မဂ္ဂဇင်းစာအုပ်များပေးအပ်လှူဒါန်း

မိတ္ထီလာ စက်တင်ဘာ ၁၂

**မိတ္ထီလာမြို့နယ် ဇောင်ချမ်းကုန်းအုပ်စု မကျီးချောက်ကျေးရွာတွင် မျိုးမြန်မာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်ဖွင့်ပွဲကို စက်တင်ဘာ ၅ရက်က ကျေးရွာမူလတန်းကျောင်းဝင်း စာကြည့်တိုက်အဆောက်အအုံတွင် ကျင်းပသည်။**

ဆက်လက်၍ ကျေးရွာစာကြည့်တိုက်အား မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးယဉ်မောင်နှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကြီးကြပ်မှုကော်မတီနာယက ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အပေါ်ဝဲပုံ)**

### ( ပေးအပ်လှူဒါန်း )

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးယဉ်မောင်က စာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မျိုးမြန်မာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်အတွက် မဂ္ဂဇင်းစာအုပ် ၅၀ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ဖြစ်မြောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဦးကျော်သိန်းက လက်ခံရယူသည်။ **(ခရိုင် ပြန်/ဆက်)**



## ဂန့်ဂေါမြို့နယ်တွင် ပညာရိပ်မွန်စာကြည့်တိုက်ဖွင့် စာပေဖတ်ရှုရခြင်းအကျိုးများ ရှင်းလင်းဟောပြော

**ဂန့်ဂေါ စက်တင်ဘာ ၁၀**

ဂန့်ဂေါမြို့နယ် ပြင်သာရွာတွင် ပညာရိပ်မွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၀ရက်က ကျင်းပရာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သန်းထွန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

### ရှင်းလင်းဟောပြော

ထို့နောက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မြင့်က စာအုပ်များကိုလည်းကောင်း၊ ကျေးရွာဥက္ကဋ္ဌက ရေဒီယိုတစ်လုံးကိုလည်းကောင်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြပြီး ဦးအောင်သန်းစိုး(ဥပဒေ)က စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။ **(၂၇၃)**

## ကျေးလက် သတင်းနှင့် မြင်ကွင်း

## ပုဏ္ဏားကျွန်းမြို့နယ်တွင် စာကြည့်တိုက်များဖွင့်လှစ်ရေး စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကျင်းပ

ပုဏ္ဏားကျွန်း စက်တင်ဘာ ၁၂

**ပုဏ္ဏားကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ကျေးရွာအုပ်စု ၅၀သို့ စာအုပ်မျိုးစုံ မတည်ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဩဂုတ် ၃၁ရက်က ပုဏ္ဏားကျွန်းမြို့နယ် ဦးရာဇ်မင်္ဂလာခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးမောင်ကျော်ဦးက ကျေးလက်ဒေသ အသိပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက သုတ၊ ရသစာအုပ် ၁၀၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါ်စိန်ဝင်းမေက ဂျာနယ်မျိုးစုံ အုပ်၁၀၀၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ၊ ရသစာအုပ်မျိုးစုံ ၂၅၀၀ကို ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**







လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သန့်ရှင်းသာယာလှပရေးနှင့် မြေယာရှင်းအလှ လုပ်ငန်းများ ဆောင်ရွက်မှုကို ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေနှင့် အဖွဲ့ စက်တင်ဘာ ၁၃ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကိုကိုတို့က ရှင်းလင်းပြသကြစဉ်။ (မြို့နယ်စည်ပင်)

ရေစကြိုမြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များတွင် အရည်အသွေးပြည့်ဝသော အိုင်အိုဒင်းဆားပါရှိမှု ရှိ၊မရှိ စစ်ဆေးခြင်းကို စက်တင်ဘာ ၃ရက်က ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမြင့်အောင်၊ အမှုဆောင်အရာရှိ ဦးကျော်၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## မြန်မာ့အသံ

**၂၈-၉-၂၀၀၆(အင်္ဂါနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(တော်သလင်းလပြည့်တရားတော်)
-ဥပုသ်နေ့ရှိုးဆော်ချက်

**နေ့လယ်ပိုင်း**

၀၉:၀၀ နဝင်္ဂဥပေါသထသီလပေး
တရားတော်(ဘဒ္ဒန္တ ဇာဂရာဘိဝံသ)
၁၀:၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)
မြန်မာ့ရိုးရာယဉ်ကျေးမှု
အဆို၊ အက၊ အရေး၊ အတီး
ပြိုင်ပွဲ ပညာရှင်အဆင့်
အမျိုးသမီးများလေ့လာရန်
(ဓမ္မပူဇာတေး)
၁၀:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား
(သဘာဝအားဆေးထုတ်လုပ်မှု
အကြောင်း)
၁၁:၃၀ မြန်မာ့မူဟန်ဇာတိမာန်ဟောပြောချက်
(ကျောက်စာများက ဖော်ပြနေသော
မြန်မာတို့၏နှလုံးသား-
တတိယပိုင်း-နိုင်ဝေ)
၁၂:၀၀ တော်သလင်းလပြည့် တရားတော်
၁၂:၂၀ ဇာတ်လမ်းပမာနားဆင်စရာ
(နှလုံးသားထဲက သံယောဇဉ်)
၁၂:၄၀ ကဏ္ဍစုံစွာဆွေးနွေးစရာ
(တကောင်း၏အတိတ်ဇာတ်၊
တကောင်း၏စိတ်ဓာတ်
ဆွေးနွေးခန်း)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(အလယ်တန်း-မြန်မာစာ)

**ညနေပိုင်း**

၁၆:၀၀ မင်းကွန်းဆရာတော်ကြီး၏
(ခန္ဓသုတ်ပါဠိနှင့်အနက်)
၁၆:၂၀ ကျေးလက်ဇာတ်လမ်း
(စာနာစိတ်ထား မေတ္တာပွား)
၁၇:၀၀ တပ်မတော်စာတိုက်
၁၇:၁၀ ကမ္ဘာ့ဂီတ
၁၇:၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
(ဘောလုံးကစားနည်း၏
အဓိကကျသော အခြေခံအချက်များ)
၁၈:၄၀ သုခ၏ မင်္ဂလသုတ်အဖွင့်
(အပိုင်း-၁၀)
၁၉:၁၅ ကွက်စိပ်(ဗုဒ္ဓဝင် ရာဟုလာ
အမွေတောင်းခန်း-
တွံတေးဒဂုံဆရာညွန့်)
၂၀:၃၀ ကလေးများအတွက်အစီအစဉ်
(ဉာဏ်စမ်းပဟေဠိ)
-မင်းကွန်းဆရာတော်ကြီး၏
အရပ်(၁၀)မျက်နှာမေတ္တာဘာဝနာ
တရားတော်



## ဖွင့်လှစ်

လှည်းကူးမြို့နယ် ဖဲခမဲကျေးရွာ မြင်းမိုရ်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၄ရက်က ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဒေါ်အုန်းမြင့်၊ ကျေးရွာဥက္ကဋ္ဌ ဦးစိန်အေးနှင့် အဖွဲ့ဝင်(၂)ဦးလှဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



27-9 (15).p65 1 24.03.1905, 2:47 PM

## စစ်ကိုင်းတိုင်း စည်ပင်ညွှန်ကြားရေးမှူး တမူးမြို့မဈေးအတွင်း စစ်ဆေး

**တမူး စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေသည် စက်တင်ဘာ ၃ ရက်က တမူးမြို့ မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းသစ်များ ပြုပြင်တည်ဆောက်မှု၊ ဈေးသန့်ရှင်းသပ်ရပ်ရေး၊ ဈေးရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ဈေးအတွင်း လမ်းများသန့်ရှင်းရေး၊ ဈေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အသားအရောင်းဆိုင်များအား ယင်လုံဆန်ခါဖြင့် ရောင်းချမှုနှင့် နေ့စဉ်ဈေးသည်များ စနစ်တကျဖြင့် တည်ခင်းရောင်းချခြင်းတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ **(အောက်ပုံ)** တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသောင်းညွှန့်၊ ဒုတိယဦးစီးမှူး ဦးလေးမော်တို့က ဈေးကြီးအတွင်း အများပြည်သူများ အဆင်ပြေလွယ်ကူစွာ ရောင်းချနိုင်ရေးနှင့် ဝယ်ယူရရှိနိုင်ရေးအတွက် အမြဲသန့်ရှင်းသပ်ရပ်သာယာစေရန် ဆောင်ရွက်မည့် လုပ်ငန်းများ ရှင်းလင်းတင်ပြကြသည်။

**(မြို့နယ်စည်ပင်)**



## ကျောက်ပန်းတောင်းမြို့ သာသနပါလဆွမ်းလောင်းအသင်း နှစ်ပတ်လည်ငွေပင်ငွေရင်း စိုက်ထူလှူဒါန်း

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၂**

ကျောက်ပန်းတောင်းမြို့ ကျက်သရေဆောင် သာသနပါလ နေ့စဉ်ဆွမ်းလောင်းအသင်း၏ နှစ်ပတ်လည် ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းပွဲကို စက်တင်ဘာ ၈ရက် ၉ရက်နှင့် ၁၀ရက်နေ့များတွင် ကျင်းပသည်။



အခမ်းအနားတွင် အလှူရှင် ၆၀၆ဦးက ငွေပင်ငွေရင်းစိုက်ထူလှူဒါန်းကြရာ **(ယာပုံ)** အလှူငွေပေါင်း ကျပ်သိန်း ၉၀ခန့် ရရှိသည်။

သာသနပါလ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းပွဲတွင် မင်းကွန်းတိပိဋကနိကာယ ကျောင်းတိုက်ကြီးမှ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလ၊ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဂန္ဓမာလာလင်္ကာရနှင့် တိပိဋကဓရ တိပိဋကကောဝိဒအရှင်ဝံသပါလ လင်္ကာရဆရာတော်ကြီးတို့က တရားဒေသနာတော်များဟောကြားကြကြောင်းသိရသည်။ **(ဝ၆၁)**



**ကလေးမြို့နယ် မော်လိုက်ကလေးရွာတွင် လေးလက်မစက်ရေတွင်းတူးဖော်မှုကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ စက်တင်ဘာ ၁ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ကိုနှင့် လက်ထောက်အင်ဂျင်နီယာ ဦးခင်မောင်တိုးတို့က ရှင်းလင်းတင်ပြကြစဉ်။** (မြို့နယ်စည်ပင်)

## ယာဉ်စည်းကမ်းလိုက်နာရေး ပညာပေးဟောပြော

**ပျဉ်းမနား စက်တင်ဘာ ၁၀**

ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန် ခန်းမတွင် စက်တင်ဘာ ၂ရက်က လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းထိန်းသိမ်း လိုက်နာရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယမြို့နယ်မှူး ရဲအုပ် ဦးအေးမြင့်က ကျောင်းသူ ကျောင်းသားများ ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းများကို သတ်မှတ်ထားသော စည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်လိုက်နာကြရန် ဟောပြောကြသည်။ **(ဝ၉၉)**

## မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

**မော်လမြိုင် စက်တင်ဘာ ၂၀**

အားကစားဝန်ကြီးဌာန မွန်ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မော်လမြိုင်မြို့ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးလှဝင်း၊ ဦးစီးအရာရှိများနှင့်ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးလှဝင်းက ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် ပညာသင်စရိတ်ထောက်ပံ့ပေးရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တက္ကသိုလ်ဆင့်ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အထက်တန်းဆင့် ၁၁ ဦး၊ အလယ်တန်းဆင့် ၁၁ဦးနှင့် မူလတန်းဆင့် ၁၅ဦးတို့အား ထောက်ပံ့ငွေများ ပေးအပ်ကြသည်။ **(၁၆၈)**

## ရွှေရင်အေး စပါးမျိုးသန့်၊ မျိုးပွားစိုက်ခင်း တာချီလိတ်မြို့နယ်၌ တမန်းနှိုး၊ ဓာတ်မြေသြဇာကျွေး

**တာချီလိတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ဖန်မင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၅) ဦးပိုင်အမှတ်-၂၉ တောင်သူဦးကျော်ဝင်းပိုင်လယ်မြေ ရွှေရင်အေး စပါးမျိုးသန့်၊ မျိုးပွားစိုက်ခင်း လေးဧကတွင် သြဂုတ် ၁၉ရက်က စုပေါင်း ပေါင်းလိုက် တမန်းနှိုးခြင်း၊ ဓာတ်မြေသြဇာကျွေးခြင်း အခမ်းအနား ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ တာချီလိတ်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေး၊ မြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီးတင့်လွင်၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးခင်မောင်ဝင်း၊ ခရိုင်မြေစာရင်းမှူး ဦးစောဝင်း၊ ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်အားပေးကြသည်။

**(အောက်ပုံ) (ခရိုင် ပြန်/ဆက်)**



**သြဂုတ် ၂၆ ရက်က မုံးကိုးမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဘုရားကုန်းလမ်းပျက်စီးမှုမရှိစေရေးအတွက်လမ်းပေါက်များ ဖာထေးခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှုအား အမှုဆောင်အရာရှိ ဦးတင်အောင်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းမြင့်ဦးတို့က ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## အမြို့မြို့ အနယ်နယ် သတင်းများ

### စုပေါင်းစိုက်ပျိုး

**ရေနံချောင်းမြို့သုံးဆယ့်ခြောက်စံပြကျေးရွာ လမ်းမကြီးဘေးဝဲယာတွင် စက်တင်ဘာ၄ရက်က စိန်ပန်းပင်၅၀၀ စိုက်ပျိုးခြင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့ ကြီးကြပ်၍ သုံးဆယ့်ခြောက်ကျေးရွာဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။** (မြို့နယ်စည်ပင်)





**စက်တင်ဘာ ၈ ရက်က ကျောက်တန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော လမ်းမတော်လမ်း ကန်စိမ်းကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းခွင်၌ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကြည်တင်က လုပ်ငန်းများ ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



# အဓိကရောဂါခြောက်မျိုးကာကွယ်ကုသနိုင်မည့်ဆေးဝါး မြန်မာ့တိုင်းရင်းဆေးပင်များအခြေခံပြီး သုတေသနပြုထုတ်လုပ်

# ကင်ဆာရောဂါကဲ့သို့ ကုသပျောက်ကင်းနိုင်သည့်အာနိသင်ထက်မြက်သော တိုင်းရင်းဆေးပင်များ စနစ်တကျစိုက်ပျိုးထောင်

# အဓိကရောဂါခြောက်မျိုးကုသရေး ဆေးဝါးများထုတ်လုပ်ရေးကော်မတီအစည်းအဝေး၌ နိုင်ငံတော်ဝန်ကြီးချုပ်မှာကြား

**ရန်ကုန် စက်တင်ဘာ ၂၆**

အဓိကရောဂါ ခြောက်မျိုးကုသရေး ဆေးဝါးများထုတ်လုပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၆)ကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ် (၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)** *စာမျက်နှာ ၉ ကော်လံ ၁* ✡





# စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှ ခေတ်မီနိုင်ငံတော်ဖြစ်ပေါ်မည်

# ပုဂ္ဂလိကစက်မှုလုပ်ငန်းများ လမ်းကြောင်းမှန်ပေါ်ရောက်ရှိပြီး မြန်မြန်ဖွံ့ဖြိုးရေး

# ခေတ်မီ သံရည်ကျိုပုံလောင်းပုံဖိစက်ရုံများ အဆင်သင့်ပြင်ဆင်ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၆**

မန္တလေး၊မုံရွာနှင့် တောင်ကြီး(အေးသာယာ)စက်မှုဇုန်များ၌ ခေတ်မီ သံထည်ပစ္စည်းစက်ရုံများထူထောင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက် အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ *စာမျက်နှာ ၃ ကော်လံ ၁* ✻


**မြန်မာ့အလင်း ခေါင်းကြီး၊သတင်း ဆောင်းပါး အညွှန်း**

❖ "နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းလာ၍ နယ်စပ်ဒေသနေ တိုင်းရင်းသားများ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်အားကိုးမှု တိုးပွားခိုင်မာလာ။"

ခေါင်းကြီး(စာ-၂)

❖ "ကမ္ဘာလောကရှိ လူသားတိုင်း ငါးပါးသီလ ကိုယ်စီ မြဲကြ ပါလျှင် ကမ္ဘာလောကကြီးတစ်ခုလုံး ထာဝရငြိမ်းချမ်းနိုင်မည်ဖြစ်၏။"

ဦးကျော်စိန်၏ ဂရုဓမ္မသီလ ဆောင်းပါး(စာ-၁၀)

❖ "အမေရိကန်သမ္မတ ဘုရှ်ကို ကုလအတွင်းရေးမှူးချုပ် ထပ်မံဝေဖန်ထိုးနှက်၊ အီရတ်စစ်ပွဲ ကျူးလွန်မှုကြောင့် ငြိမ်းချမ်းရေးနှင့် အလှမ်းကွာနေဆဲဟုဆို"

နိုင်ငံတကာသတင်း (စာ-၄)


**ယုဇနဆီအုန်းခြံ၏ စီမံခန့်ခွဲရေးရုံး (အောက်ထပ်) နှင့် အမျိုးသား အမျိုးသမီး သီးသန့်ဘော်ဒါဆောင် (အပေါ်ထပ်) အဆောက်အအုံကို ဤသို့ ဆောက်လုပ်ထားသည်။** (ဓာတ်ပုံ-သောင်းဝင်းမိုလ်)

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# တစ်ပြည်လုံးအတွက်ဆီအုန်း တနင်္သာရီတိုင်းမှာစိုက်ပျိုးနေပြီ

# လုပ်သားအင်အားတိုးချဲ့ပြီး ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတိုးမြှင့်သွားမည်

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-သောင်းဝင်းမိုလ်**

**ရန်ကုန် စက်တင်ဘာ ၂၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်။ ရေမြေသယံဇာတပေါကြွယ်ဝသည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသာမက နှစ်ရှည်သစ်ပင်များဖြစ်သည့် ဆီအုန်း၊ ရော်ဘာ၊ ကော်ဖီပင်များကို တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရန် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားထားသည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ■